# ဒီမိုကရက်တစ်မြန်မာ့အသံ
# နိုင်ငံရေးအကျဉ်းသားများသတင်း
# ဧပြီ ၂၀၀၆

သတင်းစာဆရာ (၂) ဦးအမှုကို အဆင့်ဆင့်အယူခံဝင်သွားမည် ၁၊ဧပြီ၊၂၀၀၆
ကိုဖိုးအေးအား အာမခံနှင့် ပြန်လွှတ်ပေးလိုက်ပြီ ၁၊ဧပြီ၊၂၀၀၆
ဘိုကလေးက လယ်သမား (၂) ဦးအယူခံကို တိုင်းတရားရုံးက ပယ်ချ ၁၊ဧပြီ၊၂၀၀၆
ကိုသက်နိုင်ဦးအမှုနှင့်ပတ်သက်၍ ဆိုက်ကားသမား (၇) ဦးအား ဖမ်းဆီးစစ်ဆေး ၂၊ဧပြီ၊၂၀၀၆
အဖမ်းဆီးခံ ပဲခူးကောလိပ်ကျောင်းသားများအား ပြန်လွှတ်မပေးသေး ၂၊ဧပြီ၊၂၀၀၆
ဦးဝင်းတင် လွတ်မြောက်ရေးအတွက် ဂျပန်မှ လစဉ်ဆန္ဒပြတောင်းဆိုပွဲ ၄၊ဧပြီ၊၂၀၀၆
ပဲခူးကောလိပ်မှ ဖမ်းဆီးခံကျောင်းသားများကို အမြန်ပြန်လွှတ်ရန် နအဖအား တောင်းဆို ၅၊ဧပြီ၊၂၀၀၆
ကျူရှင်ဆရာဦးအောင်ဖေအမှုအထူးအယူခံ တင်သွင်း ၅၊ဧပြီ၊၂၀၀၆
နန္ဒာစစ်အောင် ဘားအံထောင်၌ အာရုံကြောဝေဒနာ ခံစားနေရ ၇၊ဧပြီ၊၂၀၀၆
သတင်းစာဆရာ (၂) ဦးအမှုအယူခံဝင်တော့မည် ၇၊ဧပြီ၊၂၀၀၆
ပဲခူးကောလိပ်ကျောင်းသားများထောင်ထဲ၌ ဆက်လက်စစ်ဆေးခံနေရဆဲ ၈၊ဧပြီ၊၂၀၀၆
စာရေးဆရာသန်းဝင်းလှိုင်လွတ်ရက်ကျော်နေသော်လည်းဆက်လက်ဖမ်းဆီးခံထားရဆဲ ၁၁၊ဧပြီ၊၂၀၀၆
ဦးကျော်ဆန်း၏ အယူခံ ပယ်ချခံရ ၁၁၊ဧပြီ၊၂၀၀၆
ကိုသက်နိုင်ဦးအမှုနှင့် ဆက်စပ်ဖမ်းဆီးခံရသူနှစ်ဦးအား ပြန်လွှတ် ၁၂၊ဧပြီ၊၂၀၀၆
ရွှေနေဦးအေးမြင့် အမှုအယူခံ ပယ်ချခံရ ၁၂၊ဧပြီ၊၂၀၀၆
ကိုသက်ဝင်းအောင် လွတ်မြောက်ရေးလှုံ့ဆော်ပွဲ လန်ဒန်၌ ကျင်းပမည် ၁၃၊ဧပြီ၊၂၀၀၆
ပဲခူးကောလိပ်မှ ကျောင်းသားများအား ပြန်လွှတ်ပေးလိုက်ပြီ ၁၃၊ဧပြီ၊၂၀၀၆
သက်နိုင်ဦးအမှုနှင့် ဆက်စပ်ဖမ်းဆီးခံရသူ (၂) ဦးအား ပြန်လွှတ်သည်မှာသေချာ၁၄၊ဧပြီ၊၂၀၀၆
ကိုသက်နိုင်ဦးအမှုအား ထပ်မရုံးချိန်းပေးလိုက်ပြီ ၁၉၊ဧပြီ၊၂၀၀၆
မကွေးမှ အဖွဲ့ချုပ်ဝင် (၂) ဦးအမှုရုံးချိန်းရက်ထပ်ရွှေ့ ၂၀၊ဧပြီ၊၂၀၀၆
ကဗျာ ရေးသားဖြန့်ဝေမှုဖြင့် ပဲခူးမှ လူငယ် (၃) ဦးအား ရုံးတင်စစ်ဆေးမည် ၂၄၊ဧပြီ၊၂၀၀၆
ကိုသက်နိုင်ဦးအမှုအား မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန် မိခင်ဖြစ်သူ တောင်းဆို ၂၅၊ဧပြီ၊၂၀၀၆
ရွှေဂူအဖွဲ့ချုပ်ဝင် ဦးကိုကိုမြင့်နှင့် ဦးသိန်းဇော်တို့၏ အယူခံများ ပယ်ချခံရ ၂၅၊ဧပြီ၊၂၀၀၆
နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေ ပိုမိုဆိုးဝါး ၂၆၊ဧပြီ၊၂၀၀၆
ဒေါ်စု၏ နေအိမ်အမွေကိစ္စ ရုံးချိန်းထပ်မံ ရွှေ့ဆိုင်း ၂၇၊ဧပြီ၊၂၀၀၆
ကြပ်ပြေးအားဓါတ်ပုံရိုက်သူနှစ်ဦး အယူခံ ပျဉ်းမနားခရိုင်တရားရုံးက ချက်ချင်းပယ်ချ ၂၇၊ဧပြီ၊၂၀၀၆
ရှမ်းခေါင်းဆောင် (၈) ဦးအမှုအတွက် တိုင်းတရားရုံးထံ အယူခံတင်သွင်း ၂၈၊ဧပြီ၊၂၀၀၆
ဦးမျိုးအောင်သန့်အလုပ်သမား အခွင့်အရေးဆုရရှိ ဧပြီ၊၂၉၊၂၀၀၆
မောင်သာချိုကို ပြန်လွှတ်ပေးရန် တောင်းဆို ၂၉၊ဧပြီ၊၂၀၀၆
မစုစုနွေး နှလုံးနှင့် အစာအိမ်ရောဂါ ခံစားနေရ ၃၀၊ဧပြီ၊၂၀၀၆

## သတင်းစာဆရာ (၂) ဦးအမှုကို အဆင့်ဆင့်အယူခံဝင်သွားမည်

၁၈ဧပြီ၊ ၂၀၀၆

ကြပ်ပြေးနေပြည်တော်မြို့သစ်ကို ဓါတ်ပုံရိုက်မှုဖြင့် ထောင်ဒဏ် (၃) နှစ်ချခံလိုက်ရသူ သတင်းစာဆရာ (၂) ဦး၏အမှုကို အဆင့်ဆင့်အယူခံဝင်သွားမည်ဖြစ်ကြောင်း၊ ယင်းတို့၏ရှေ့နေမှ ယနေ့ပြောဆိုလိုက်ပါသည်။

မတ်လ (၂၄) ရက်နေ့တွင် ပျဉ်းမနားတရားရုံးမှ ထောင်ဒဏ် (၃) နှစ်စီချခံလိုက်ရသူ သတင်းစာဆရာ သာချို (ဟသ်ာတ)(ခေါ် ) ဦးသောင်းစိန် (၅၂) နှစ် နှင့် မိုးထွန်း (ခေါ်) ဦးကျော်သွင် အသက် (၄၂) နှစ်တို့၏ အမှုနှင့်ပတ်သက်ပြီးမေးမြန်းစဉ် ယင်းတို့၏ရှေ့နေ ဦးခင်မောင်ဇော်က ယခုကဲ့သို့ ပြောဆိုလိုက်ခြင်းဖြစ်ပါသည်။

"ဦးကျော်သွင်ဆိုတာက မိုးထွန်းဆိုတဲ့နာမည်နဲ့ ရေးတဲ့ကလောင်ရှင်ပါ။ ဦးသောင်းစိန် ဆိုတာက သာချို (ဟသ်ာတ) ဆိုတဲ့ နာမည်နဲ့ရေးတဲ့ကလောင်ရှင်လေ။ သူတို့နှစ်ယောက်က ပျဉ်းမနားကို အလည်လာရင်းနဲ့၊ ကြပ်ပြေးဘက်လာရင်းနဲ့ တော်ဝင်ကားကြီး ကိုစီးသွားတာပဲ။ သူတို့ဓါတ်ပုံရိုက်တာ၊ ဗွီဒီယိုရိုက်တာရှိတယ်။ အဲဒါကိုမငြင်းဘူး။ သဘောရိုးနဲ့ ရိုက်တယ်တဲ့။ မရိုက်ရဘူးဆိုတာ တားထားတာ မရှိဘူး။ ဆိုင်းဘုတ်တွေလည်း မရှိဘူး။ သူတို့ရိုက်တယ်။ ရိုက်တာကလည်း အိမ်ကမိသားစုတွေကြည့်ဖို့။ နောက်ပြီးတော့ မိတ်ဆွေ သူငယ်ချင်းတွေကို ပြဖို့အတွက်ရိုက်တာ။ အဲဒီလိုပဲထုချေတာပါ။ ဥပဒေအရလည်းပဲ ပုဒ်မ (၃၂–က) က ဗွီဒီယိုလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်နေသူတွေအတွက်သာ သိနေတာကိုး။ နောက်တခါ ဗွီဒီယိုပုဒ်မ (၄၂) မှာက ဒီဥပဒေပါပြဋ္ဌာန်းချက်တွေဟာ၊ မိသားစုနဲ့စပ်လျဉ်းတဲ့ ဗွီဒီယိုရိုက်ကူးခြင်းတို့၊ အဲဒီရိုက်ကူးချက်ပါသော ဗွီဒီယိုတိတ်ခွေကို အခကြေးငွေမယူဘဲငှားရမ်းခြင်းနဲ့ ပြသခြင်းတို့ကို မသက်ဆိုင်စေရဘူးဆိုတော့ အဲဒီလမ်းကြောင်းနဲ့သူတို့ကထုချေတာပဲ။ ကျနော်လည်း အဲဒီလမ်းကြောင်းအတိုင်း ဒီလိုပဲသွားတာပါ။ ဒါပေမဲ့ အဲဒါကို ရုံးအနေနဲ့ ဥပဒေနဲ့ငြိစွန်းတယ်လို့ယူဆတယ်၊ တရားသူကြီးက။ ပျဉ်းမနားတရားရုံးက အမိန့်ချတယ်။ အခုက အယူခံတက်မယ်ဆိုရင် ရမည်းသင်းခရိုင် တရားရုံးကို တက်ရမှာပေါ့။"

ယင်းတို့ (၂) ဦး စတင်ဖမ်းဆီးခံခဲ့ရသည့် ဒီဇင်ဘာလ (၂၃) ရက်နေ့ကတည်းကစပြီး အဆိုပါအမှုကို လိုက်ပါဆောင်ရွက်ပေးနေသူ ပျဉ်းမနားမြို့မှ ရှေ့နေဦးခင်မောင်ဇော် ရှင်းပြခဲ့ခြင်း ဖြစ်ပါသည်။ ဓါတ်ပုံရိုက်ရာတွင်လည်း တကူးတကပစ်မှတ် ရွေးရိုက်ကူးခြင်းမျိုး မဟုတ်ဘဲ တော်ဝင်ဘတ်စ်ကားပေါ်မှ၊ အပျော်တမ်းရိုက်သည့် ဗွီဒီယိုကင်မရာဖြင့်ရိုက်ယူခြင်းသာ ဖြစ်ကြောင်း သိရပါသည်။

စစ်ဖက်လုံခြုံရေးဌာနကိုယ်တိုင်ကလည်း အဆောက်အဦများမှာ ဓါတ်ပုံမရိုက်ရဟု စာတန်းကပ်ထားခြင်းမျိုး မရှိသေးသည့်အတွက်၊ ယခုကိစ္စဖြစ်ရကြောင်းတရားရုံး၌ ထွက်ဆိုခဲ့သည် ဟုသိရပါသည်။ ယခုလောလောဆယ် ဆရာသာချို (ဟသ်ာတ) နှင့် ဆရာမိုးထွန်းတို့အား ရမည်းသင်းအကျဉ်းထောင်တွင် ဖမ်းဆီးထားပြီး၊ မိသားစုနှင့်ထောင်ဝင်စာ ပေးတွေ့ခဲ့သည်ဟု သိရပါသည်။ သူတို့ (၂) ဦးထံမှ အယူခံဝင်ရေး ရှေ့နေပါဝါလွှဲစာရထားပြီးဖြစ်သည့်အတွက်၊ လာမည့်ရက် (၆၀) အတွင်း ရမည်းသင်းခရိုင်တရားရုံးသို့ အယူခံဝင်မည်ဖြစ်ကြောင်း ရှေ့နေ ဦးခင်မောင်ဇော်မှ ပြောကြားခဲ့ပါသည်။ ကြပ်ပြေးမြို့တော်သစ်ကို ဓါတ်ပုံရိုက်မှုဖြင့် ဖမ်းဆီးထောင်ချခံရသည်မှာ၊ ယခုပထမဆုံး အကြိမ်ဖြစ်သော်လဖလင်သိမ်း၊ ကင်မရာသိမ်း၊ လူကို ပြင်းထန်စွာသတိပေးမှုများလုပ်နေသည်မှာ အတော်များနေပြီဖြစ်ကြောင်း၊ ဒေသခံများက ပြောကြပါသည်။ ပြင်သစ်အခြေစိုက်၊ နယ်ခြားမဲ့သတင်းသမားကာကွယ်ရေးအဖွဲ့နှင့် ပြည်ပရောက် မြန်မာသတင်းသမဂ္ဂအဖွဲ့များက ယခုလုပ်ရပ်သည် သတင်းလွတ်လပ်ခွင့်ချိုးဖောက်မှုကြီး ဖြစ်သည့်အတွက် စစ်အစိုးရအား ပြင်းထန်စွာ ရှုတ်ချကြောင်းနှင့်ယင်းတို့ (၂) ဦးကို အမြန်ဆုံးလွှတ်ပေးရန်တောင်းဆိုကြောင်း ကြေညာချက်တရပ် ထုတ်ပြန်လိုက်ကြောင်းသိရပါသည်။

အစသို့

## ကိုဖိုးအေးအား အာမခံနှင့် ပြန်လွှတ်ပေးလိုက်ပြီ

၁၈ဧပြီ၊ ၂၀၀၆

ပဲခူးတိုင်း ပေါင်းတည်မြို့နယ် ပေါက်တောအခြေစိုက် ခမရ (၆၆) မှ တပ်ကြပ်ကြီးဝင်းချိုအား ဒါးနှင့်ခုတ်ခဲ့သည့်အတွက် ဖမ်းဆီး အရေးယူခံနေရသော ကည္တတ်ကွင်းရွာသား ကိုဖိုးအေးအား၊ လွန်ခဲ့သည့်လ (၃၀) ရက်နေ့တွင် အာမခံဖြင့် ပြန်လွှတ်ပေးလိုက် ကြောင်းသိရပါသည်။ ဒေသခံတဦးထံ ဒီဗွီဘီမှ ဆက်သွယ်မေးမြန်းကြည့်ရာ – – အဆိုပါအမှုကို ကိုင်တွယ်ဆောင်ရွက်ရာ၌ ရဲစခန်းနှင့် တရားရုံးတို့က ဥပဒေကြောင်းအရနည်းလမ်းတကျ ကိုင်တွယ်ဆောင်ရွက်ခဲ့ပြီး တရားလိုဖြစ်သည့် စစ်တပ်အာဏာပိုင်များဘက်က ဥပဒေဘောင်အထက်ကျော်လွန်ပြီး တရားရုံးအပေါ်ဖိအားပေးလာခြင်းမျိုး မရှိသဖြင့်ထူးထူးခြားခြား အံ့သြကျေနပ်ကြကြောင်း ပြောပြပါသည်။

"ကိုဖိုးအေးကို အာမခံပေးလိုက်တယ်။ အာမခံပေးပြီးတော့ (၃၃၃) နဲ့ စွဲတာကနေ (၃၃၂) နဲ့စွဲတယ်လို့ ပြောတယ်။ သူတို့အမှန်အတိုင်း လုပ်ပေးဖို့ ရှိတယ်နဲ့တူတယ်။ ကျနော်အံ့သြသွားတယ်။ တကယ်အံ့သြတယ်။ အာမခံပေးလိုက်တော့ တပ်က

မကြည်တဲ့သဘောတွေပါတယ်။ စစ်တပ်က။ အဲဒါရဲ့နဲ့ ဘာပြောသေးလဲတော့ မသိဘူး။ သူနဲ့ဖြစ်တဲ့ တပ်ကြပ်ဝင်းချိုတောင်မှ ရွာထိပ်မှာ တွေ့ခဲ့သေးတယ်တဲ့။ အဲဒီမှာသူကတော့ ဘာမှမဖြစ်သလိုပါပဲ။ ရွာသားတွေနဲ့ပြောတာဆိုတာ သွားတာလာတာတွေ့ရတယ်။"

အဆိုပါအမှုနှင့်ပတ်သက်၍ ပေါင်းတည်ရဲစခန်းသို့ဆက်သွယ်မေးမြန်းကြည့်ခဲ့ရာတွင်

ဒီဗွီဘီ ။ ။ တာဝန်မှူးခင်ဗျား ကျနော် ကိုဖိုးအေးကိစ္စ နည်းနည်းမေးကြည့် ချင်လို့ပါ။

"ကိုဖိုးအေး"

ဒီဗွီဘီ ။ ။ တပ်ကြပ်ကြီးဝင်းချိုကို ဒါးနဲ့ခုတ်တဲ့ ကိုဖိုးအေးကိစ္စပါ။ သူ့အမှုက အခု (၃၃၂) နဲ့ ပြန်စွဲတယ်ဆိုတာ ဟုတ်ပါသလား။

"အဲဒါအမှုစစ်မေးကြည့်မှသိမယ်။ ကျနော်တို့က ဒီမှာအမှုကိုခွဲပြီးကိုင်ရတာဆိုတော့ သူနဲ့ပတ်သက်တဲ့အမှုစစ် အရာရှိမှ ပြောလို့ရမယ်။"

ဒီဗွီဘီ ။ ။ အာမခံပေးတာတော့ တာဝန်မှူးသိပါတယ်နော်။

"ဟုတ်တယ်သူတရားစွဲတဲ့နေ့က အာမခံပေးလိုက်တယ်ထင်တယ်။"

ဒီဗွီဘီ ။ ။ အခုဖြစ်စဉ်က ကျနော်တို့လေ့လာမိသလောက် တချို့ဒေသတွေမှာ စစ်တပ်နဲ့ပတ်သက်လို့ဖြစ်ရင် စစ်တပ်ကနေလာဖိအားပေးတော့၊ ဥပဒေကြောင်းကနေကျော်လွန်ပြီးတော့ မတရားဆုံးဖြတ်တာမျိုးတွေရှိတယ်။ အခုအမှုကို ဆုံးဖြတ်တဲ့နေရာမှာ စစ်တပ်ကနေလာပြီးတော့ဘာလုပ်ပါ ညာလုပ်ပါ ဖိအားပေးတာရော ရှိပါသလား။

"အဲဒီလို ဖိအားပေးတာတော့ မရှိပါဘူး။"

ဒီဗွီဘီ ။ ။ ဘယ်တော့လောက် အမှုကို ပြန်ချိန်းမလဲ။

"အဲဒါတရားရုံးက ရက်ချိန်းပေးပါတယ်။ စခန်းက အမှုစစ်က သူ့ကို တရားစွဲတင်ပေးလိုက်ပြီလေ။"

ဒီဗွီဘီ ။ ။ ပုဒ်မ (၃၃၂) က ဘာပုဒ်မလဲ။ သိလို့ရမလား။

"(၃၃၂) က ဝတ္တရားထမ်းဆောင်နေတဲ့ ဝန်ထမ်းကို သာမန်နာကျင်စေမှုပါ။"

ဒီဗွီဘီ ။ ။ (၃၃၃) ကရော။

"အပြင်းအထန်ပါ။"

ပေါင်းတည်ရဲစခန်းမှတာဝန်မှူးထံ ဆက်သွယ်မေးမြန်းခဲ့ခြင်းဖြစ်ပါသည်။ ပုဒ်မ (၃၃၃) အရ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်ချမှတ်နိုင်ပြီး၊ ထောင်ဒဏ်ကို အနည်းဆုံးကာလ ချမှတ်နိုင်သလို၊ အများဆုံးကာလ (၃) နှစ်ထက် မပိုကြောင်းလည်း သိရပါသည်။ နှမ်းစပါးစိုက်ခင်းများအတွက် စစ်တပ်နှင့် ရွာသားများအကြား ဆည်ရေလုကြရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး၊ တပ်ကြပ်ဝင်းချိုအား ရွာသား ကိုဖိုးအေးကဒါးဖြင့် ခုတ်သည့်အခြေအနေထိ ပြဿနာကြီးထွားခဲ့ရခြင်းဖြစ်သည်။ ယခုဖြစ်ပွားခဲ့သည့် အမှုအခင်းကြောင့် အထက်အဆင့်ကပါ ပြဿနာကို သိရှိသွားပြီး၊ ဆည်ရေကို မြို့နယ်အာဏာပိုင်များက လယ်စိုက်ရှင်းဌာနနှင့် ပူးပေါင်းပြီး မျှမျှတတဖြစ်အောင် စီစဉ်ပေးနေကြောင်းလည်းသိရပါသည်။ ယင်းဖြစ်ရပ်နှင့်အလားတူ ပြီးခဲ့သည့် (၁၉) ရက်နေ့က ပဲခူးတိုင်း၊ ဒိုက်ဦးမြို့၌ အရပ်သားနှင့် အာဏာပိုင်အဖွဲ့အကြားပြဿနာဖြစ်ခဲ့ပါသေးသည်။ ညဖက်လုံခြုံရေး ကင်းတာဝန်ကျသူ ကိုနိုင်တူးအား ကင်းစောင့်နေစဉ် ဂီတာတီးသည်ဟု ဆို၍ နောက်တနေ့တွင် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရန်ကြိုးစားရာ၊ ကိုနိုင်တူးက အဖမ်းအမခံဘဲ၊ ဒါးရှည်ဖြင့် ခုခံကာ ထွက်ပြေးသွားခဲ့ပါသည်။ ထိုအမှုတွင် ကိုနိုင်တူးအား ဖမ်းမမိသည့်အတွက်၊ ကိုနိုင်တူး၏မိဘအိုကြီးများအပါအဝင် ညီငယ်ဇနီးမောင်နှံများအား ရဲတပ်သား (၆၀) လောက်က ဖမ်းဆီးရိုက်နှက်၍ ဒါးစာခံအဖြစ် ဖမ်းဆီးချုပ်နှောင်ထားသည့်အမှုဖြစ်ပါသည်။ စတင်ဖမ်းဆီးထားစဉ်က မည်သူနှင့်မှ တွေ့ခွင့်မပေးပဲ၊ ထွက်ပြေးသွား သည့်၊ ကိုနိုင်တူးကိုယ်တိုင်လာရောက်အဖမ်းခံမှ ပြန်လွှတ်ပေးမည်ဟု သတင်းများ ထွက်ပေါ်ခဲ့ပါသည်။ သို့သော် ယခုတပတ်အတွင်းမှာ ဒါးစာခံအဖြစ်ဖမ်းဆီးထားသည့်အပြစ်မဲ့မိသားစုဝင်များအား ပြန်လွှတ်ပေးရန် အာဏာပိုင်များ ကပြန်လည်စဉ်းစားနေကြောင်းနှင့် မကြာခင်ပြန်လွှတ်ပေးလိမ့်မည်ဟု ထင်ကြောင်း ဒေသခံများမှတဆင့် ဒီဗွီဘီက စုံစမ်းသိရှိရပါသည်။ ယခုကဲ့သို့ အမှုအခင်းများကို တရားသဖြင့်ဖြစ်အောင် အာဏာပိုင်များက သတိထားဆောင်ရွက်လာခြင်းသည် ပြင်ပသတင်းဌာနများက ဖြစ်ရပ်မှန်များကို အများပြည်သူသိအောင် သတင်းမှန်ထုတ်ပြန်နေခြင်းကြောင့် ဖြစ်နိုင်သည်ဟု ဒေသခံများ ကပြောဆိုနေကြပါသည်။

အစသို့

## ဘိုကလေးမှ လယ်သမား (၂) ဦးအယူခံကို တိုင်းတရားရုံးက ပယ်ချ

*၁၉မေ၊ ၂၀၀၆*

အာဏာပိုင်များလာဘ်စားသည်ကို တိုင်ကြားမိ၍ ထောင်ဒဏ် (၂) နှစ်ကျခံနေရသူ ရောဝတီတိုင်း၊ ဘိုကလေးမြို့နယ်

ကျည်စုကျုံဖားကျေးရွာမှ လယ်သမား (၂) ဦး၏ အယူခံလွှာကို တိုင်းတရားရုံးက ပယ်ချလိုက်ကြောင်း သိရပါသည်။ ပုသိမ်မြို့ရှိ တိုင်းတရားရုံးမှ ပြီးခဲ့သည့်မတ်လ (၈) ရက်နေ့တွင် အကျဉ်းချုံးပယ်ချလိုက်ခြင်းဖြစ်သည့်အတွက်၊ နောက်ဆုံးအဆင့်အဖြစ် ဗဟိုတရားရုံးသို့ မကြာခင် အယူခံထပ်မံတင်သွင်းမည်ဖြစ်ကြောင်း၊ ထိုအမှုကို လိုက်ပါဆောင်ရွက်နေသူ ရှေ့နေဦးအောင်သိန်းကဒီဗွီဘီသို့ပြောကြားခဲ့ပါသည်။ ထောင်ကျခံနေရသူ (၂) ဦးစလုံးသည် ယခုလောလောဆယ် မြောင်းမြထောင်၌ရှိနေပြီး၊ မကြာသေးခင်ကပဲ သူကိုတွေ့ခွင့်ပေးခဲ့ကြောင်း ဦးအောင်သိန်းက ပြောပါသည်။ သူတို့ (၂) ဦး၏ အမည်မှာ ကျောင်းဆရာ ဦးအေးဝင်းနှင့် ကြံ့ဖွံ့အဖွဲ့ဝင်လယ်သမား ဦးဝင်းညွန့်တို့ဖြစ်ပြီး ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ (၉) ရက်နေ့တွင် စတင်ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပါသည်။

အဖမ်းခံရပုံနောက်ခံအကြောင်းရင်းမှာဘိုကလေးမြို့နယ်၊ ကျည်စုကျုံဖားကျေးရွာဥက္ကဋ္ဌဦးစံရွှေက လယ်သမား (၅၆) ဦး၏ အမတော်ကြေးငွေထဲမှ ငွေတသောင်းလျှင် ကျပ်တထောင်နှုန်း၊ စိုက်ဘဏ်ကနေ ကြားဖြတ်ကောက်ယူနေခြင်းကို မကျေနပ်၍ တိုင်ကြားရာက စတင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုတိုင်ကြားမှုကို မြောင်းမြ ခဝတ အဖွဲ့ကိုယ်တိုင်စစ်ဆေးပြီး၊ နောက်နောင် ယင်းသို့မဖြစ်အောင် ရယက ဥက္ကဋ္ဌကို သတိပေးရန်ဆုံးဖြတ်ခဲ့သော်လည်း၊ တရားရုံးကလက်မခံဘဲတိုင်ကြားသည့်၊ လယ်သမားခေါင်းဆောင် (၂) ဦးကို ဝတ္တရားနှောက်ယှက်မှုဖြင့် ဘိုကလေးမြို့နယ်တရားရုံးမှ၊ ထောင် (၂) နှစ်စီ အပြစ်ပေးလိုက်ခြင်းဖြစ်ပါသည်။ ယင်းကဲ့သို့ မတရားအပြစ်ပေးခံရခြင်းကို ကျည်စုကျုံဖား ကျေးရွာမှ လယ်သမားများက အတော်မကျေမနပ်ဖြစ်ခဲ့ပြီး ဒေသတွင်းရှိ ရှေ့နေရှေ့ရပ်များ ငှားရမ်းပြီး၊ မြောင်းမြခရိုင်တရားရုံးသို့ အယူခံဝင် ခုခံခဲ့ပါသည်။ သို့သော် ခရိုင်တရားရုံးက အကျဉ်းရုံးပယ်ချလိုက်သည့်အခါ၊ ဒေသအဆင့်နှင့် မဖြစ်နိုင်ဆိုပြီး၊ ရန်ကုန်ရှိ ရှေ့နေ ဦးအောင်သိန်း အား လာရောက်ငှားရမ်း ခြင်းဖြစ်ပါသည်။ အမှုနောက်ဆုံးအခြေအနေကို ဦးအောင်သိန်းက ယခုလို ရှင်းပြထားပါသည်။

"သူတို့ရဲ့ အကြောင်းပြချက်ကိုကြည့်လို့ရှိရင် ဦးဝင်းညွန့်ဆိုတဲ့သူက ကြံ့ခိုင်ရေးကစည်းရုံးရေးမှူး တယောက်ဖြစ်တယ်။ ပါတီနိုင်ငံရေးနဲ့ကင်းရှင်းသူ မဟုတ်ဘူးလို့ စစ်ဆေးတွေ့ရှိရလို့ သူ့ကိုတာဝန်ကရပ်စဲဖို့ဆိုပြီး အချက်တချက်အနေနဲ့ဖော်ပြတယ်။ နောက်တခါ ကျေးရွာမူလတန်းကျောင်းဆရာ ဦးအေးဝင်းကလည်း၊ သူ့ဇနီးနဲ့သူ့ယောက္ခမတွေက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စည်းရုံးရေး အဖွဲ့ဝင်တွေဖြစ်တယ်။ ဖြစ်တဲ့ အတွက်ကြောင့် သူတို့က ပါတီနိုင်ငံရေးနဲ့ဆက်နွယ်နေတဲ့ ဝန်ထမ်းတယောက်ဖြစ်တယ်။ ဆက်နွယ်နေတဲ့ ဝန်ထမ်းတယောက် ဖြစ်တဲ့အပြင်၊ စာသင်ချိန်မှာ လယ်လုပ်ငန်းကိုလုပ်တယ်ဆိုပြီး စွပ်စွဲတယ်။ ဒါအကျင့်ပျက် ဝန်ထမ်းဖြစ်တယ်ဆိုပြီး သူ့ကိုလည်း အရေးယူဆောင်ရွက်ရန် ဆိုပြီးသတ်မှတ်တယ်။ သူ့မှာ သိပ်နစ်နာတာပေ့ါ။ ဝန်ထမ်းသက်ကလည်း (၁၁) နှစ် (၁၂) နှစ်လောက်၊ သူ့အလုပ် လုပ်ကိုင်လာတဲ့၊ ဒီအလုပ်ကလည်း ထုတ်ပစ်တယ်။ ဒီတိုင်ကြားမှုနဲ့ ပတ်သက်ပြီး ဥပဒေအရလည်း အရေးယူတယ် ဆိုရင် ကျောင်းဆရာဦးအေးဝင်းတယောက်ကတော့ အင်မတန်မှနစ်နာတာပေ့ါ။ ဒီအချက် (၂) ချက်အပေါ်မှာပဲ အခြေခံပြီးတော့ ကျနော်တို့ တက်တယ်။ ကျနော်က တိုင်းအယူခံရုံးကို တက်ပါတယ်။ ရောဝတီတိုင်းကိုတက်တယ်။ တိုင်းကအကျဉ်းနဲ့ ပလပ်လိုက်တယ်။ အခု ကျနော်က ဗဟိုကိုဆက်တက်ဖို့ အစီစဉ်လုပ်နေတယ်။"

ယခုတဆက်တည်း ထောင်ဒဏ်ချခံထားရသူများနှင့်အတူ အမှုတိုင်တန်းရာ၌ပါဝင်ခဲ့သူ ကျည်စုကျုံဖားကျေးရွာမှ လယ်သမား (၂) ဦး၏ ပြောကြားချက်ကို ထုတ်လွှင့်ပေးလိုပါသည်။ "ကျနော်က ကျုံဖား၊ ကျည်စုကျေးရွာမှာ လယ် (၉) ဧက လုပ်ကိုင်စားသောက်တဲ့ တောင်သူလယ်သမား ဦးစံထွန်းအေး ဖြစ်ပါတယ်။ ကျနော်တို့ဆီမှာ (၂၀၀၂) ခုနှစ်ကနေစပြီး တနှစ်ကို (၂၅၀၀)၊ (၂၀၀၀)၊ (၃၀၀၀) နှုန်းအထိ နှစ်အလိုက် အစားစား ကောက်ခံခဲ့ပါတယ်။ တစ်ဧကကို ဘယ်လောက်ဆိုတာ မဟုတ်ဘူး။ ငွေ (၅) သောင်းထုတ်တဲ့သူကို (၃၀၀၀) ထောင်ကျပ်နှုန်း ကောက်ပါတယ်။ (၄) သောင်းကို (၂၅၀၀) ကောက်ပါတယ်။ (၂) သောင်းခွဲကို (၂၀၀၀) ကောက်ပါတယ်။ ဖြတ်တောက်တဲ့ ငွေတွေအပေါ်မှာ ဘာမှအကြောင်းအရာမရှိဘဲနဲ့ ဖြတ်တောက်တာကို၊ ကျနော်တို့ တောင်သူလယ်သမားတွေ မခံစားနိုင်လို့ အထက်အဖွဲ့အစည်းများကို တိုင်ကြားရပါတယ်။"

"အဲဒါကို ကျနော်တို့က မြို့နယ်မယကကို နှစ်ကြိမ်တင်ပြခဲ့တာပဲ။ မြို့နယ်မယက အတွင်းရေးမှူးက ကျနော်တို့ နှစ်ဦးနှစ်ဖက်ကို ခေါ်ယူစစ်ဆေးတယ် လယ်သမား (၈) ဦးနဲ့။ အဲဒီအချိန်မှာ လယ်သမား (၈) ဦးအတွက်ကို ငွေပြန်ပေးတယ်။ ကျေအေးကြောင်း လက်မှတ်ထိုးရမယ်လို့ ပြောတယ်။ (၈-၇-၂၀၀၅) ခုနှစ်မှာပေ့ါ။ မြို့နယ်မယကရုံးမှာ။ အဲဒီအချိန်ခါမှာ ကျနော်တို့က ငွေလည်းမယူနိုင်ဘူး။ မတရားကောက်ခံတာကို ကျနော်တို့က ဒီအဖွဲ့အစည်းတွေကို ဆက်လက်ဆောင်ရွက်ပေးပါလို့တင်ပြတယ်။ သူတို့က ဘယ်လိုမှ ဆောင်ရွက်ပေးခြင်း မရှိသည့်အတွက်၊ ကျနော်တို့က နိုင်ငံတော်ကိုထပ်မံပြီးတော့တင်ပြခဲ့ပါတယ်။ (၁၈-၇-၂၀၀၅) မှာတင်ပြလိုက်တော့ ခယကက ကျနော်တို့ကို (၁၁-၈-၂၀၀၅) မှာ၊ ခရိုင်ကအဖွဲ့ လာရောက်စစ်ဆေးပါတယ်။ ခယကသုံးသပ်တာက ဒီဆုံးဖြတ်ချက် မရှိဘဲနဲ့ ငွေကောက်ခံမှုရယ်၊ အဲဒါကို မယကကနေ ကြီးကြပ်ဆောင်ရွက်သွားပါဆိုပြီးတော့ အဲဒီလို သုံးသပ်ပြီးတော့ အရေးယူ

ဆောင်ရွက်ပေးခြင်းမရှိပါဘူး။”

ကျည်စုကျုံဖားကျေးရွာမှလယ်သမား (၂) ဦးဖြစ်သူ ဦးစံထွန်းအေးနှင့် ဦးဝင်းတင်တို့ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင်၊ ဒီဗွီဘီသို့ ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ ထိုအမှုနှင့် ပတ်သက်၍ ဗဟိုတရားရုံးသို့အယူခံဝင်နေရာ အောင်မြင်မှုရနိုင် မရနိုင်နှင့်ပတ်သက်ပြီး ရှေ့နေ ဦးအောင်သိန်းအား ထပ်မေးကြည့်သည့်အခါမှာ – –

“တရားရုံးမှာ လက်မှတ်ရေးထိုးတိုင်ကြားတဲ့ လယ်သမားတွေကိုယ်တိုင် သက်သေအဖြစ်လာရောက်ထွက်ဆိုပါတယ်။ ခယက ဆင်းစစ်ပြီးတဲ့အခါမှာ သူရဲ့တွေ့ရှိချက်ကို မယကကို ညွှန်ကြားတယ်။ ဘယ်လိုညွှန်ကြားလဲဆိုတော့ ကျည်စုကျုံဖား ကျေးရွာအုပ်စု ရယက အဖွဲ့ကနေ ငွေကြေးကောက်ခံတဲ့အခါမှာ၊ ကျေးရွာလူထုအစည်းအဝေး ခေါ်ယူညှိနှိုင်းခြင်းလည်းမပြုဘူး။ လူထုထံက ကောက်ခံရရှိတဲ့ငွေကိုလည်း စာရင်းဇယားနဲ့စနစ်တကျ ထိန်းသိမ်းသုံးစွဲခြင်းလည်း မရှိဘူး။ ဒါကို နောင်အလားတူမဖြစ်ဖို့ စနစ်တကျ စီမံခန့်ခွဲပြီး ကျေးရွာအုပ်စုရယက ဥက္ကဋ္ဌ ဦးစံရွှေ၊ အဖွဲ့ဝင်သစ်ဦးခင်လှနဲ့ အဖွဲ့ဝင်သစ်ဖြစ်တဲ့ ဦးမြညိုတို့ကို သတိပေးရန်ဆိုပြီး သူကဖော်ပြတယ်။ အဲဒီအချက်နှစ်ချက်ကို ကြည့်လို့ရှိရင် သူတို့တိုင်တဲ့ တိုင်ကြားချက်က မှန်တယ်ဆိုပြီးတော့ ခယက ရုံးကနေထုတ်တဲ့ ညွှန်ကြားချက်ကိုက ရှင်းလင်းနေတာပဲ။”

အစသို့

## ကိုသက်နိုင်ဦးအမှုနှင့်ပတ်သက်၍ ဆိုက်ကားသမား (၇) ဦးအား ဖမ်းဆီးစစ်ဆေး

*၃၊ဧပြီ၊၂၀၀၆*

မီးသတ်နှင့် စည်ပင်ရဲများ၏ ရိုက်သတ်မှုကြောင့် သေဆုံးခဲ့ရသည့်ကိုသက်နိုင်ဦး အမှုနှင့်ပတ်သက်ပြီး ဆိုက်ကားသမား (၇) ဦးအား အာဏာပိုင်များက ဖမ်းဆီးစစ်ဆေးနေသည်ဟု သိရပါသည်။ ပြီးခဲ့သည့်ရုံးချိန်းတွင် မီးသတ်တပ်ဖွဲ့ဝင်များကို၊ သက်သေအဖြစ် ခေါ်ယူစစ်ဆေးခဲ့သော်လည်း၊ ဖမ်းဆီးထားတာမျိုးမရှိကြောင်း သိရပါသည်။ ထို့အပြင် တရားခံအဖြစ်ဖမ်းထားသူ (၇) ဦးထဲတွင် အမှန်တကယ်ကျူးလွန်ခဲ့သော စည်ပင်ရဲများ ပါမပါဆိုသည်ကို မသိရကြောင်း၊ တရားလိုဖြစ်သူကိုသက်နိုင်ဦး၏မိခင် ဒေါ်စန်းရီကဆိုပါသည်။ တပြိုင်တည်းမှာပဲ ဝတ္တရားနှောက်ယှက်မှုဖြင့် ဖမ်းဆီးခံထားသည့် ကိုသက်နိုင်ဦး၏သူငယ်ချင်း (၂) ဦးကိုလည်း အာမခံနှင့် ပြန်လွှတ်ပေးခြင်း မရှိပဲ၊ ပြီးခဲ့သည့်လ (၃၁) ရက်နေ့တွင် ရမန် (၂) ပတ်ယူပြီးထပ်ချုပ်ထားကြောင်းသိရပါသည်။ ထိုကိစ္စ ပိုမိုသိရှိနိုင်ရန်အတွက် ကိုသက်နိုင်ဦး ၏ မိခင် ဒေါ်စန်းရီထံမေးကြည့်သည့်အခါ– –

“သူတို့စစ်နေတယ်လေ။ အင်းစိန်အကျဉ်းထောင်ထဲမှာပေါ့နော်။ အင်းစိန်ထောင်ထဲက ခုံရုံးလေ။ အထူးစုံစမ်းစစ်ဆေးရေး ပုံမျိုးအနေနဲ့ စစ်နေတာ။ စောင့်ကြည့်နေတာပေါ့။ သူတို့လည်း စစ်ဆေးရေးကာလဆိုတော့ ကိုယ်လည်းစောင့်ကြည့်နေလိုက်တယ်။ ဖမ်းထားတဲ့ (၇) ယောက်ထဲမှာ အန်တီကလည်း လူတွေမသိဘူး သူတို့ပြတာတွေကတော့ အဲဒီမှာ ဆံရှည်တို့၊ ဘာတို့ညာတို့၊ လုပ်တဲ့သူကလည်း သူဒီလိုလုပ်ပါတယ်၊ ပစ်တဲ့သူကလည်း သူဒီလိုပစ်ပါတယ်၊ ရိုက်တဲ့သူကလည်း သူဒီလိုရိုက်ပါတယ်ဆိုပြီးတော့ ဝန်ခံထားကြတယ်တဲ့။ ဝန်ခံထားကြတယ် ဆိုတော့ အမှုကဒီလိုတဖြည်းဖြည်းနဲ့ဆက်စစ်မယ်ပေါ့။ အခုစစ်နေတာ ဟိုတနေ့က သက်သေတယောက် သွားပေးထားတယ်။ သွားပေးတဲ့နေ့ကတော့ မီးသတ်တွေကိုစစ်နေတယ်လို့ ပြောသံကြားတယ်။”

ဒီဗွီဘီ ။ ။ ဖမ်းထားတဲ့ (၇) ယောက်က ဘယ်သူတွေလဲ။ အဲဒီထဲမှာ တကယ်ကျူးလွန် တဲ့ စည်ပင်ရဲတွေပါလား။

“အန်တီထင်တာတော့ မပါဘူးလို့ထင်တယ်။ အခု ဝန်ခံထားတဲ့သူတွေက ရှိနေတော့၊ အမှုသွားမှုလာကတော့ ဘယ်လိုနေမလဲ မသိဘူး။ အန်တီတို့က စစ်ဆေးဆဲဆိုတော့ စောင့်ကြည့်နေရတာပေါ့နော်။ ဆိုက်ကားသမားတွေ များများပါတယ်လို့ပြောတာပဲ။ အန်တီလည်း မသိဘူး။ သူတို့တွေကိုလည်း ကိုယ်ကမသိဘူးလေ။ နောက်ကိုယ်ကလည်း ဘာမှမမြင်ရတော့ ပြောသံကြားတာကတော့ ဆိုက်ကားသမားတွေ လို့ပြောတာပဲ။”

ဒီဗွီဘီ ။ ။ ကိုသက်နိုင်ဦးရဲ့ သူငယ်ချင်းတွေဖြစ်တဲ့ ကိုခင်မောင်ဇော်နဲ့ကိုဝင်းမြင့်တို့ အခြေအနေရော ဘယ်လိုကြားရပါလဲ။

“ကိုဝင်းမြင့်တို့က အထဲမှာလေ။ သူတို့ကိုတော့ (၁၂) ရက်နေ့ ရုံးချိန်းရှိတယ်လို့ ပြောတယ်။ ဒီနေ့သူတို့အိမ်က သွားပြီးတော့ ထောင်ဝင်စာတွေ့တယ်။ သူတို့ကိုတွေ့ရတယ်။ အစားသောက်ပေးရတယ်၊ မိသားစုလုပ်ငန်းဘာညာ အဲဒီကိစ္စတွေ ပြောရတယ်။ ကျန်တာတော့ ဟိုဘက်ကလည်း မပြောဘူး။ ဒီဘက်ကလည်းမပြောဘူး။ သူတို့က စာစောင်တွေထဲ ရေးတာကတော့ ဟိုတုန်းကပေါ့နော် (၃၃၃) ဆိုတာနဲ့ စွဲထားတဲ့သဘော။ ဝတ္တရားနှောင့်ယှက်မှု အဲဒီလိုပြောတယ်။ ပြောသံကြားတာလေ အန်တီ ပုဒ်မကို သေချာမသိဘူးပေါ့။”

ထိုအမှု (၂) ခုကို အင်းစိန်ထောင်ထဲတွင် သီးသန့်ခွဲပြီး စစ်ဆေးနေကြောင်း ကြားသိရသည်ဟု ဒေါ်စန်းရီမှ ပြောပြပါသည်။ ကိုသက်နိုင်ဦး၏အမှုကို စစ်ဆေးရာတွင်၊ တရားလိုဖြစ်သည့် ဒေါ်စန်းရီကို လာရောက် နားထောင်ခွင့်ပြုမည်ဟု အာဏာပိုင်များက မူလက

ပြောခဲ့သော်လည်း လက်တွေ့သွားရောက်ရာ အင်းစိန်ထောင်အာဏာပိုင်များက ဝင်ခွင့်မပေးခဲ့ကြောင်း ဒေါ်စန်းရီမှ ပြောပြသွားပါသည်။

အစသို့

## အဖမ်းဆီးခံ ပဲခူးကောလိပ်ကျောင်းသားများအား ပြန်လွှတ်မပေးသေး

*၃၊ဧပြီ၊၂၀၀၆*

မတ်လ (၂၉) ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည့် ပဲခူးကောလိပ်မှ ကျောင်းသားများအား၊ ယနေ့ထိ ပြန်လွှတ်မပေးသေးသည့်အပေါ် သက်ဆိုင်ရာမိသားစုများက အထူးစိုးရိမ်နေကြကြောင်း သိရပါသည်။ ယင်းတို့ကို မိဘများနှင့်တွေ့ခွင့်မပြုဘဲ အမှတ် (၁) ရဲစခန်း၌ ဆက်ချုပ်ထားသည်ဟုဆိုပါသည်။ တချို့မြို့ခံများက သူတို့ကို ပဲခူးထောင်တွင်း၌ တံခါးပိတ်စစ်ဆေးနေသည်ဟုဆိုပါသည်။ ထို့ကြောင့် ပဲခူးထောင်သို့ ဆက်သွယ်မေးမြန်းအခါ – –

ပဲခူးထောင်တွင် ကျောင်းသားများအားဖမ်းထားခြင်းမရှိကြောင်း တာဝန်ကျဝန်ထမ်းတဦးကဆိုပါသည်။ ပဲခူးမြို့ ကင်းစတားလက်ဖက်ရည်ဆိုင်ပိုင်ရှင်၏သားဖြစ်သူ ကိုဇေယျာအောင်အပါအဝင် ကျောင်းသား (၆) ဦးကို၊ ဒေါင်းမာန်ကဗျာ ရေးသားဖြန့်ဝေမှုနှင့် မတ်လ (၂၉) ရက်နေ့တွင်၊ အာဏာပိုင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ယင်းတို့မှာ ပဲခူးမြို့ မြို့သစ်ရပ်ကွက်နှင့် နယ်မှကျောင်းသားများ ဖြစ်ကြောင်းသိရပါသည်။ အဖမ်းခံရသည့် ကျောင်းသားများမှာ မနှင်းဝင့်ဝင့်စိုး၊ မမေစုစုဝင်း၊ ကိုနေလင်းကျော်၊ ကိုသက်ဦး၊ ကိုဝင်းမင်းထွတ်နှင့် ကိုမောင်မောင်ဦးတို့ ဖြစ်ကြသည်ဟု မြို့ခံများ၏ ပြောပြချက်အရ သိပါသည်။

အစသို့

## ဦးဝင်းတင် လွှတ်မြောက်ရေးအတွက် ဂျပန်မှ လစဉ်ဆန္ဒပြတောင်းဆိုပွဲ

*၄၊ဧပြီ၊၂၀၀၆*

ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများသည် အကျဉ်းကျခံနေရသည့် သတင်းစာ ဆရာကြီးဦးဝင်းတင် လွှတ်မြောက်ရေးအတွက် လစဉ်ဆန္ဒပြတောင်းဆိုပွဲများ ပြုလုပ်နေပါသည်။ ယနေ့ နေ့လည် တိုကျိုရှိ နအဖသံရုံးရှေ့သွားရောက် ဆန္ဒပြတောင်းဆိုခဲ့ကြသည်ဟုသိရပါသည်။ ဂျပန်အခြေစိုက်ဒီမိုကရေစီအင်အားစု အဖွဲ့များသည် လစဉ်လတိုင်း (၄) ရက်နေ့ကို သတင်းစာဆရာကြီး ဦးဝင်းတင် လွှတ်မြောက်ရေးကို၊ တောင်းဆိုဆန္ဒပြပွဲအဖြစ် ကျင်းပခဲ့သည်မှာ အခုလဆိုလျှင်(၁၄) ကြိမ်မြောက်ဖြစ်ပြီး၊ အဘယ်ကြောင့် ယခုလို လာရောက်ဆန္ဒပြရသလဲ ဆိုသည်နှင့် ပတ်သက်၍၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွှတ်မြောက်နယ်မြေ) ဂျပန်ဌာနခွဲ၏ တာဝန်ခံတဦးက ယခုလို ပြောပြခဲ့ပါသည်။

“ဆိုကရေးတီးဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ ယုံကြည်ချက်ကြောင့် အသက်စွန့်သွားခဲ့ရတယ်။ သူ့ရဲ့ ယုံကြည်ချက်ဟာ ကမ္ဘာသူကမ္ဘာသားတွေအတွက် မှန်ကန်လွန်းတဲ့အတွက်၊ ဒီကနေ့အချိန်ထိ ဆိုကရေးတီးကို ကမ္ဘာသူကမ္ဘာသားတွေဟာ ဂုဏ်ပြုနေရဆဲဖြစ်တယ်။ ဒီလိုပဲ ကျနော်တို့နိုင်ငံမှာလည်း ဗမာပြည်ကို ကမ္ဘာ့အဆင့်မီတဲ့နိုင်ငံ၊ ကမ္ဘာနဲ့ရင်ဘောင်တန်းနိုင်တဲ့ နိုင်ငံဖြစ်လိုတဲ့၊ သတင်းစာဆရာကြီး ဦးဝင်းတင် တနည်းအားဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့အတွင်းရေးမှူး ဦးဝင်းတင်၊ ဒု–ဉက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့လိုမျိုး ယုံကြည်ချက်ကြောင့် အကျဉ်း ကျနေတဲ့ ကျနော်တို့ရဲ့ နိုင်ငံသားကောင်းတွေကို လွှတ်မြောက်စေလိုတဲ့ စိတ်တွေ၊ ဆန္ဒတွေနဲ့ ကျနော်တို့တွေ အခုလို ဆန္ဒပြကြရတယ်။”

အခု ဆန္ဒပြပွဲ၏ တောင်းဆိုချက်များနှင့် ပတ်သက်ပြီး ညီညွတ်သော တိုင်းရင်းသားများအဖွဲ့၊ လူဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဂျပန်ဌာနခွဲမှ တာဝန်ခံများက အခုလို ပြောပြသွားခဲ့ပါတယ်။ “နအဖစစ်အစိုးရက နအဖက အမျိုးသားရင်ကြားစေ့ဖို့ ပြန်လည်ငြိမ်းချမ်းဖို့ ဆိုပြီး ဦးတည်ချက်တွေနဲ့ သူတို့လုပ်နေတယ်။ တကယ်ပဲ နအဖစစ်အုပ်စုဟာ အမျိုးသား ငြိမ်းချမ်းရေးနဲ့ ပြန်လည်သင့်မြတ်ရေးကို လိုလားတယ်ဆိုရင် ပြည်ထောင်စုနေ့မှာ၊ ဦးဆောင်ပါတီဖြစ်တဲ့ NLD ပါတီက တောင်းဆိုထားတဲ့ ကမ်းလှမ်းချက်ကို တုံ့ပြန်သင့်တယ်လို့ ယူဆပါတယ်။”

“စစ်အုပ်စုကို ယနေ့ထိ ဦးမညွတ်၊ အညံ့မခံဘဲ ကိုယ်ကျိုးစွန့် ဆက်လက် တိုက်ပွဲဝင်နေသော၊ ဆရာကြီးဦးဝင်းတင်၏ သူ့ရဲကောင်း စိတ်ဓါတ်ကို ကျနော်တို့ အထူးလေးစားဂုဏ်ပြုပါတယ်။ ဆရာကြီးဦးဝင်းတင်၏ စကားအတိုင်း လူကိုသာထောင်ချ၍ရမည် စိတ်ဓါတ်ကို ထောင်ချ၍မရပါ။ နအဖအား ဆရာကြီးဦးဝင်းတင်၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် တိုင်းရင်းသား ခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် တောင်းဆို လိုက်သည်။”

နောက်ဆုံးတွင် ဆန္ဒပြသူများသည် ကြွေးကြော်သံများဖြင့် ညနေ (၅) နာရီ၌ ရုတ်သိမ်းသွားပါသည်။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊

## စာမျက်နှာ ၆

ဦးဝင်းတင်နှင့် နိုင်ငံရေးအကျဉ်းသားများ–(ချက်ချင်းလွှတ်)၂ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးဝင်းတင်နှင့် နိုင်ငံရေးအကျဉ်းသားများ–(ချက်ချင်းလွှတ်)၂ သတင်းစာဆရာကြီး ဦးဝင်းတင်ကို – (ချက်ချင်းလွှတ်)၂

အစသို့

### ပဲခူးကောလိပ်မှ ဖမ်းဆီးခံကျောင်းသားများကို အမြန်ပြန်လွှတ်ရန် နအဖအား တောင်းဆို

*၅ဧပြီ၊ ၂၀၀၆*

ဒီမိုကရေစီအရေးကို ဦးတည်စပ်ဆိုထားသော ဒေါင်းမာန်ကဗျာဖြန့်ဝေမှုဖြင့်၊ ဖမ်းဆီးခံထားရသော ပဲခူးကောလိပ်မှ ကျောင်းသူကျောင်းသား (၇) ဦး အား အမြန်ပြန်လွှတ်ပေးရန် ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့နှင့် ပြည်ပအခြေစိုက် မြန်မာသတင်းသမဂ္ဂတို့က မြန်မာစစ်အစိုးရကို ယနေ့ တောင်းဆိုလိုက်ပါသည်။ ပဲခူးကောလိပ်တွင် ပညာသင်ယူနေသည့် မနှင်းဝင့်ဝင့်စိုး၊ မမေစုစုဝင်းအပါအဝင် ကျောင်းသား (၇) ယောက်အား ပြီးခဲ့သည့်လ (၂၆) ရက်နေ့တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ယခုထိ သူတို့ကို မည်သည့်နေရာမှာဖမ်းဆီးစစ်ဆေးနေကြောင်း တိတိကျကျ မသိရသဖြင့် မိသားစုများ အထူးစိုးရိမ်ပူပန်နေကြကြောင်း ပဲခူးမြို့ခံများ အပြောအရ သိရပါသည်။

အစသို့

### ကျူရှင်ဆရာဦးအောင်ဖေအမှုအထူးအယူခံ တင်သွင်း

*၅ဧပြီ၊ ၂၀၀၆*

ဗိုလ်ချုပ်အောင်ဆန်း၏ဓါတ်ပုံကို အလေးပြုသဖြင့် ထောင်ချခံထားရသည့်ကျူရှင်ဆရာ ဦးအောင်ဖေအတွက် အထူးအယူခံကို အဖွဲ့ချုပ်ရှေ့နေများက ယနေ့တင်သွင်းခဲ့ကြောင်းသိရပါသည်။ တိုင်းနှင့်ဗဟိုတရားရုံး အဆင့်ဆင့်မှ ပယ်ချခဲ့ခြင်းကြောင့် အမြင့်ဆုံး တရားသူကြီး (၃) ဦးထိုင် အထူးတရားရုံးသို့ ထပ်မံတင်သွင်းခဲ့ခြင်းဖြစ်ကြောင်းသိရပါသည်။ ထုံးစံအရဆိုလျှင် နောက်ဆုံးအယူခံကို အထူးတရားရုံးက ချက်ချင်းပယ်ချ ခြင်းမျိုးမလုပ်ဘဲ၊ အကျိုးဆောင်ရှေ့နေများအား လျှောက်လဲခွင့်ပေးလေ့ရှိကြောင်း အဖွဲ့ချုပ်ရှေ့နေ တဦးဖြစ်သည့် ဦးဉာဏ်ဝင်းက ယခုလို ပြောပြပါသည်။

"တိုင်းရယ်၊ ဗဟိုအယူခံရယ်ပယ်လို့ အထူးအယူခံတင်တာပေါ့။ ကြားနာအုံးမယ်၊ လျှောက်လဲချက်ပေးဖို့ အခွင့်အရေး ပေးအုံးမယ်။ တင်တဲ့ရှေ့နေကို၊ တင်တဲ့အကျိုးဆောင်ကိုကြားနာမယ်။ ကြားနာပြီးတော့မှ သူတို့သုံးသပ်ပြီးတော့ ပယ်ချင်ပယ်မယ်၊ လက်ခံချင်လက်ခံမယ်။ သူက အကြောင်းမကြားတော့ဘူး။ တရားရုံးမှာ အမှုစစ်ရင်း သတိပေးစာကပ်တယ်။ အဲဒီမှာကြည့်ရတယ်။ အမှုက သင်္ကြန်ခံနေတော့ အန်ကယ်ထင်ပါတယ် မေထဲလောက် ရောက်သွားလိမ့်မယ်။ သင်္ကြန်ရက်က (၄–၅) ရက်လောက် ပျက်တာကိုး။"

အဓမ္မအလုပ်ခိုင်းစေသည့်ကျေးရွာအာဏာပိုင်များကို တရားဥပဒေနှင့်အညီ ပြန်လည်အန်တုခဲ့သဖြင့်၊ ထောင်ချခံထားရသော ထန်းမနိုင်ရွာသူ မစုစုနွေးအတွက်၊ အထူးအယူခံကိုလည်း လွန်ခဲ့သည့် (၃) ပတ်လောက်ကတင်သွင်းခဲ့ပြီးဖြစ်ကြောင်း ဦးဉာဏ်ဝင်းမှ ပြောပါသည်။ သူတို့ (၂) ဦးစလုံးအတွက် အထူးအယူခံများကို အကျိုးဆောင်ရှေ့နေ ဦးမြင့်သောင်းလိုက်ပါဆောင်ရွက်ပေးနေကြောင်း ဦးဉာဏ်ဝင်းက တဆက်ထဲ ပြောပြသွားပါသည်။

အစသို့

### နန္ဒာစစ်အောင် ဘားအံထောင်၌ အာရုံကြောဝေဒနာ ခံစားနေရ

*၇ဧပြီ၊ ၂၀၀၆*

ဘားအံထောင်တွင် နှစ်ရှည်ထောင်ချခံထားရသည့် နိုင်ငံရေးအကျဉ်းသား နန္ဒာစစ်အောင် အာရုံကြောဝေဒနာခံစားနေရကြောင်း သိရပါသည်။ **ICRC** နိုင်ငံတကာကြက်ခြေနီ အဖွဲ့လာခွင့်မရသည့် အချိန်ဖြစ်နေ၍ မိသားစုများ အထူးစိတ်ပူပန်နေရကြောင်းသိရပါသည်။

အလားတူ ကလေးထောင်၌ နှစ်ရှည်ထောင်ချခံထားရသူများဖြစ်သည့် ကိုစောဝင်းနှင့်ကိုအေးအောင် တို့လည်း ကျန်းမာရေး ဆိုးရွားနေကြောင်းသိရပါသည်။ ကုန်စျေးနှုန်း၊ ဆေးဝါးနှင့် လမ်းစရိတ် အဆမတန် မြင့်တက်ချိန်ဖြစ်သောကြောင့် မိသားစုများ ထောင်ဝင်စာ ပုံမှန်တွေ့ရန် အခက်တွေ့နေရသည်ဟုသိရပါသည်။ ထောင်ကပြန်လွှတ်လာသူများ အနေနှင့် ဘဝရပ်တည်ရေးအတွက် ခက်ခက်ခဲခဲ ရုန်းကန်နေရ၍ ထောင်တွင်းမှနိုင်ငံရေး အကျဉ်းသားများ၏ စိတ်ပိုင်းရုပ်ပိုင်း လိုအပ်ချက်များကို ထိထိရောက်ရောက် မကူညီမပံ့ပိုးပေး နိုင်သဖြင့် စိတ်မကောင်းဖြစ်ရကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းတဦးက ယခုလိုပြောပြသွားပါသည်။

"ထောင်ထဲက ကျောင်းသားတွေ အခြေနေကတော့၊ ကျန်းမာရေးအခြေအနေ နောက်မိသားစုကနေ ထောင်ဝင်စာပို့ပေးဖို့

အခြေအနေက တော်တော်ခက်ခဲနေကြတယ်။ လိုအပ်တဲ့ဆေးဝါးတွေအတွက်၊ အပြင်က လွတ်လာတဲ့ကျောင်းသားတွေကနေ ရှာဖွေပြီးတော့ တတ်နိုင်သလောက် ဝိုင်းဝန်းထောက်ပံ့မှုတွေ လုပ်ကြတယ်။ ဆေးဝါးဈေးတွေကလည်း စရိတ်တွေ ကြီးမြင့်မှုတွေရှိနေတော့၊ တတ်နိုင်သလောက်တော့ ဝိုင်းဝန်းပံ့ပိုးကြပေမယ့် တော်တော်တော့ အကြပ်အတည်း ဖြစ်ကြရတယ်။ မိသားစုတွေကလည်း နှစ်ရှည်လများ ဖြစ်လာတော့ ကိုယ့်ကိုယ်ကို ထောက်ပံ့ဖို့တောင် အနိုင်နိုင်လုပ်နေကြရတာကိုး။ အထဲကကျောင်းသားတွေ အရှည်ကို ထောက်ပံ့ဖို့ကြတော့ မိသားစုတွေဆီကယူလို့မရဘူးလေ။ အဲဒီတော့ ထောက်ပံ့ဖို့ကတော့ ကိုယ့်အချင်းချင်းပဲ ဝိုင်းဝန်းကူညီ ထောက်ပံ့ကြရတယ်။ ကိုယ့်အချင်းချင်း ဝိုင်းဝန်းကူညီပံ့ပိုးရာမှာလည်း အပြင်မှာရှိတဲ့ကျောင်းသားတွေကလည်း မိသားစုစားဝတ်နေရေး ပြဿနာတွေ အမျိုးမျိုးရှိနေကြတော့ အလုပ်အကိုင်ရှိတဲ့သူကနည်းတော့၊ ပညာရေးတပိုင်းတစတွေနဲ့ ဖြစ်နေကြတော့၊ အထဲထဲကိုပံ့ပိုးဖို့က သိပ်ပြီးတော့ မတတ်နိုင်ကြဘူးပေါ့။ သွားဖို့လာဖို့က အမြဲတမ်းမလွယ်ဘူးလေ။ တလတခေါက်ရောက်ဖို့ နှစ်လတခေါက် ရောက်ဖို့ဆိုတာ မလွယ်ကြဘူးလေ။ ဒါတောင် မလွယ်ကြတော့ဘူး။ **ICRC** အခြေအနေကလည်း အခုကဝင်လို့မရဘူးလေ။ ပိုဆိုးတာပေါ့။" နိုင်ငံရေးအကျဉ်းသား ဟောင်းတဦး ပြောပြသွားခြင်းဖြစ်ပါသည်။

အစသို့

## သတင်းစာဆရာ (၂) ဦးအမှုအယူခံဝင်တော့မည်

*၇၊မေ၊၂၀၀၆*

ကြပ်ပြေးမြို့တော်သစ်ကိုဓါတ်ပုံရိုက်မှုဖြင့် ထောင်ဒဏ် (၃) နှစ် ချခံလိုက်ရသူ၊ သတင်းစာဆရာ (၂) ဦး၏အမှုကို ရှေ့အပတ်မှာ အယူခံဝင်မည်ဟုသိရပါသည်။ ဆရာသာချို (ဟသ်ာတ)ခေါ် ဦးသောင်းစိန်နှင့် ဆရာမိုးထွန်းခေါ် ဦးကျော်သွင်တို့အား ယခုလောလောဆယ် ရမည်းသင်းအကျဉ်းထောင်တွင်ဖမ်းဆီးထားပြီး၊ အယူခံကို ရမည်းသင်းခရိုင်တရားရုံးသို့တင်သွင်းရမှာ ဖြစ်ကြောင်း၊ ယင်းတို့၏ရှေ့နေ ဦးခင်မောင်ဇော်က ပြောပါသည်။

ယင်းတို့ (၂) ဦးအား ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် စတင်ဖမ်းဆီးခဲ့ပြီး၊ ပြီးခဲ့သည့်လ (၂၄) ရက်နေ့၌ ထောင်ဒဏ် (၃) နှစ်စီ ချမှတ်လိုက်ခြင်းဖြစ်သည်။ စွဲချက်တင်သည့်ပုဒ်မမှာ ကန့်သတ်နယ်မြေကို ဓါတ်ပုံရိုက်မှု ပုဒ်မ (၃၂–က) ဖြစ်ပြီး၊ ကြပ်ပြေးမြို့တော်သစ် ဖွင့်ပွဲကာလတွင်၊ ပထမဆုံးဖမ်းဆီးခံလိုက်ရသော သတင်းစာဆရာများ ဖြစ်ကြပါသည်။ သို့သော် မဂ္ဂဇင်းအတွက် ပုံနှိပ်ဖော်ပြရန် ရိုက်ကူးခြင်းမဟုတ်ဘဲ၊ အပျော်တမ်းဗွီဒီယို ကင်မရာဖြင့်သာ ရိုက်ကူးခြင်းဖြစ်သည့်အတွက်၊ ပုဒ်မ (၄၂) အရ အပြစ်မရှိကြောင်း၊ ရှေ့နေ ဦးခင်မောင်ဇော်က ပြောပါသည်။ ထို့ကြောင့် ထိုအချက်ထောက်ပြပြီး ရှေ့သတင်းပတ်မှာ သူတို့ (၂) ဦးလွတ်မြောက်ရေးအတွက် အယူခံဝင်ရန် အသေအချာပြင်ဆင်ထားကြောင်း ဦးခင်မောင်ဇော်က ဒီဗွီဘီသို့ပြောကြားခဲ့ပါသည်။

အစသို့

## ပဲခူးကောလိပ်ကျောင်းသားများထောင်ထဲ၌ ဆက်လက်စစ်ဆေးခံနေရဆဲ

*၈၊မေ၊၂၀၀၆*

ဒေါ်င်းမာန်ကဗျာရေးသားဖြန့်ဝေမှုဖြင့်ဖမ်းဆီးခံထားရသော ကောလိပ်ကျောင်းသားများအား၊ အာဏာပိုင်များက၊ ပဲခူးထောင်တွင်း၌ တံခါးပိတ်ဆက်လက်စစ်ဆေးနေဆဲ ဖြစ်ကြောင်းသိရပါသည်။ သက်ဆိုင်ရာ မိသားစုများနှင့်တွေ့ခွင့်မပြုဘဲ စစ်ဆေးနေသည့်အတွက် မိသားစုများက အထူးစိုးရိမ်နေကြကြောင်းသိရပါသည်။ မြို့နယ်တရားသူကြီး ဦးသန်းမြင့်ရွှေနှင့် အခြားရှေ့နေ တစ်ဦးတို့ ပဲခူးထောင်သို့ နေ့စဉ်သွားရောက် စစ်ဆေးနေကြသည်ဟု မြို့ခံများကပြောပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ပဲခူးထောင်သို့ ဆက်သွယ်ခဲ့သော်လည်း တာဝန်ကျဝန်ထမ်းများက ဖြေဆိုရန်ငြင်းဆိုခဲ့ပါသည်။ ဒေါ်င်းမာန်ကဗျာရေးသားဖြန့်ဝေမှုနှင့်အဖမ်းခံရသူ စုစုပေါင်း (၇) ဦးရှိပြီး၊ ယင်းတို့မှာ ကောလိပ်ကျောင်းသားများဖြစ်ကြသည့် မနှင်းဝင့်ဝင့်စိုး၊ မမေစုစုဝင်း၊ ကိုနေလင်း၊ ကိုကျော်သက်ဦး၊ ကိုဝင်းမင်းထွတ်၊ ကင်းစတားလက်ဘက်ရည်ဆိုင်ပိုင်ရှင် ဦးအောင်၏သား ကိုဇေယျာအောင်နှင့် **A 2O** ကွန်ပျူတာစာစီစာရိုက်လုပ်ငန်းပိုင်ရှင် ကိုမောင်မောင်ဦး တို့ဖြစ်ကြောင်း ပဲခူးမြို့ခံများ၏ ပြောပြချက်အရ သိရပါသည်။

အစသို့

## စာရေးဆရာသန်းဝင်းလှိုင်လွတ်ရက်ကျော်နေသော်လည်းဆက်လက်ဖမ်းဆီးခံထားရဆဲ

*၁၁၊မေ၊၂၀၀၆*

ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားမှုဖြင့် သာယာဝတီထောင်တွင် နှစ်ရှည်ထောင်ချခံထားရသည့် စာရေးဆရာ သန်းဝင်းလှိုင်သည် လွတ်ရက်ကျော်နေပြီဖြစ်သော်လည်း၊ အာဏာပိုင်များက ဆက်လက်ဖမ်းဆီး ထားဆဲဖြစ်ကြောင်းသိရပါသည်။

ဆရာသန်းဝင်းလှိုင်သည် သွေးတိုးရောဂါ၊ ကျောက်ကပ်ရောဂါများ ခံစားနေရပြီး ကျန်းမာရေးမကောင်းကြောင်း သိရပါသည်။ စာရေးဆရာ သန်းဝင်းလှိုင်အား၊ သက္ကရာဇ် (၂၀၀၀) ဖွန်လတွင် ပုံနှိပ်ဥပဒေ ပုဒ်မ (၂၀) အရ ထောင် (၇) နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဆရာ သန်းဝင်းလှိုင်သည် အမှန်တကယ် အပြစ်ရှိသူတယောက်မဟုတ်ပဲ၊ သူရေးသားသည့်စာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ဖော်ပြချက်ကို နအဖအာဏာပိုင်များဘက်က မကျေနပ်ခြင်းကြောင့်၊ ယခုကဲ့သို့ မတရားအပြစ်ရှာပြီး နှစ်ရှည်ထောင်ချခံထားရခြင်း ဖြစ်ကြောင်း၊ သူ့စာပေမိတ်ဆွေ တချို့ကဆိုပါသည်။

စာရေးဆရာသန်းဝင်းလှိုင် သာယာဝတီထောင်၌ သွေးတိုး၊ ကျောက်ကပ်ရောဂါဝေဒနာများ ခံစားနေရသည်ဟုသိရပါသည်။ သူ့အားထောင်ထဲတွင် စာဖတ်ခွင့်ပိတ်ပင်ခံရ၍ စိတ်ထိခိုက်ရပုံကို ယခုလ (၆) ရက်နေ့ကမှ ထောင်ဝင်စာတွေ့ပြီးပြန်လာခဲ့သော မိသားစုဝင် တစ်ဦးက ယခုလိုပြောပြပါသည်။

"စာဖတ်ခွင့်လုံးဝမပေးတဲ့အတွက် သူ့အနေနဲ့ စာဖတ်ခွင့်မရဘူးဆိုပြီးတော့ စိတ်တွေအရမ်းတိုရော၊ တိုတော့ သွေးတိုးရောဂါက ပိုဆိုးလာတာပဲ။ သွေးတိုးရောဂါက နဂိုကအခံရှိတော့ ပိုဆိုးသွားတာ။"

စာရေးဆရာသန်းဝင်းလှိုင်အနေဖြင့် ပုံမှန်လျှော့ရက်ရမည်ဆိုလျှင် ထောင်တွင်း၌ (၅) နှစ် နှင့် (၃) လ ခန့်သာ နေရမည် ဖြစ်သော်လည်း၊ ယခုဆိုရင် (၅) နှစ်နှင့် (၁၀) လကျော်ခဲ့ပြီဖြစ်ကြောင်း မိသားစုဝင်များက ပြောပါသည်။ အကျဉ်းသားများအနေဖြင့် ထောင်တွင်းလျှော့ရက် ခံစားခွင့်နှင့်ပတ်သက်၍ ဥပဒေကြောင်းအရ မည်သို့ရှိပါသနည်းဟု၊ မေးကြည့်သည့်အခါ၊ မြန်မာနိုင်ငံ ရှေ့နေများကောင်စီမှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တဦးဖြစ်သော ဦးဝင်းမောင်က အောက်ပါအတိုင်း ရှင်းပြပါသည်။

"လွှတ်ရက်နဲ့ပတ်သက်ပြီး ဥပဒေကြောင်းအရ ပြောရမယ်ဆိုရင်၊ အကျဉ်းထောင်လက်စွဲ အပိုဒ် (၈၃၈-က) မှာ အကျင့် စာရိတ္တလုံးဝ ကောင်းမွန်ပြီးတော့၊ အကျဉ်းထောင်စည်းကမ်းတွေကို လိုက်နာမယ်ဆိုရင်၊ အဲဒီ အကျဉ်းသားတွေအနေနဲ့ တလမှာ နှစ်ရက်လျှော့ရက်ရတယ်။ ပုဒ်မ (ခ) မှာကြတော့ နေ့စဉ်ပေးအပ်ထားတဲ့ အလုပ်တွေပြီးမြောက်အောင် မပျင်းမရိ သတ်သတ်မှတ်မှတ် ကြိုးစားပမ်းစားနဲ့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် အဲဒီအကျဉ်းသားအတွက် တလမှနှစ်ရက်လျှော့ရက်ခံစားခွင့်ရှိတယ်။ ဒါက သာမန်လျှော့ရက်ခံစားခွင့်ပေါ့လေ။ သာမန်လျှော့ရက်ခံစားခွင့် အပြင်ကို၊ နောက်ထပ် အထူးလျှော့ရက်ခံစားခွင့်ဆိုတဲ့ဥစ္စာကလည်း အပိုဒ် (၈၄၇) မှာ ပြဌာန်းထားတာ ရှိပါတယ်။"

စာရေးဆရာ သန်းဝင်းလှိုင်ဆိုလျှင် အကျဉ်းသားတယောက်ခံစားခွင့်ရှိသည့် သာမန်လျှော့ရက်နှင့် တွက်မည်ဆိုလျှင်ပဲ လွှတ်ရက်ကျော်လွန်နေပြီဖြစ်သော်ငြားလည်း၊ ယခုချိန်ထိ အာဏာပိုင်များဘက်က ပြန်လွှတ်မပေးခြင်းသည် နအဖစစ်အုပ်စုလက်ထက် မြန်မာနိုင်ငံတွင်ဥပဒေစိုးမိုးမှုမရှိခြင်းကို ပြသနေခြင်းဖြစ်ကြောင်း ဦးဝင်းမောင်က ဝေဖန်ပြောကြားသွားခဲ့ပါသည်။

အစသို့

## ဦးကျော်ဆန်း၏ အယူခံ ပယ်ချခံရ

*၁၁၊ဧပြီ၊၂၀၀၆*

အင်းစိန်ထောင်တွင် ဖမ်းဆီးထောင်ချခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၏ အမှုအတွက် ပြင်ဆင်ချက် အယူခံကို၊ ဗဟိုတရားရုံးမှ အခုလ (၇) ရက်နေ့တွင် ပယ်ချလိုက်သည်ဟု သိရပါသည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလ အတွင်းက တင်သွင်းခဲ့သည့်၊ ဦးကျော်ဆန်းအမှုအတွက်ပြင်ဆင်ချက်အယူခံကို ဗဟိုတရားရုံးကလက်ခံခဲ့ပါသည်။ (၆) လနီးပါးကြာ လက်ခံထား ခဲ့ပြီးနောက်၊ ပြီးခဲ့သည့်လ (၂၀) ရက်နေ့တွင် လျှောက်လဲချက်ပေးခဲ့ရကြောင်း၊ အကျိုးဆောင်ရှေ့နေ ဦးသိန်းညွန့်က ပြောပါသည်။ နိုင်ငံရေးအကျဉ်းသားများ၏ အယူခံများအား၊ အကျဉ်းနည်းဖြင့်ပယ်ချနေသည့်ကြားက ဦးကျော်ဆန်း၏အမှုကို လက်ခံခဲ့သည့်အတွက် တစုံတရာထူးခြားမှု ရှိလိမ့်မည်ဟုမျှော်လင့်ခဲ့မိကြောင်းလည်းဆိုပါသည်။ သို့သော် တရားရုံး၏ ဆုံးဖြတ်ချက်မှာ မျှော်လင့်ထားသည့် အတိုင်း ဖြစ်မလာမှုအပေါ် အလွန်စိတ်ပျက်မိကြောင်း ရှေ့နေဦးသိန်းညွန့်က ယခုလို ပြောပါသည်။

"ရှင်းရှင်းပြောရရင် ကျနော်ဦးကျော်ဆန်းအတွက်ပေါ့လေ၊ အနိမ့်ဆုံးတော့ ဘာမျှော်မှန်းထားလဲဆိုရင် သူ့အသက် အရွယ်၊ သူတိုင်းပြည်အတွက်ထမ်းဆောင်ခဲ့တဲ့ (၄၈) ကတည်းကနေ၊ တပ်မတော်ထဲဝင်ပြီးတော့ တပ်ရင်းမှူး ဒု-ဗိုလ်မှူးကြီး အငြိမ်းစားဘဝနဲ့ နေခဲ့တဲ့ဟာ၊ အခုအသက် (၇၄) နှစ်ရောက်နေပြီးတော့ အင်းစိန်ထောင်ထဲမှာ၊ သွေးတိုးရောဂါ၊ မျက်လုံးရောဂါ၊ ရောဂါပေါင်းစုံ ခံစားရတဲ့အခြေအနေကို ထောက်ပြီးတော့ အမြင့်ဆုံး အပြစ်ဒဏ်ကနေ ပြော့ပျောင်းတဲ့ပြစ်ဒဏ်ကို ပြောင်းလဲလိမ့်မယ်လို့ ကျနော် မျှော်လင့်ခဲ့တယ်။ အခုတော့ တရားဥပဒေကြောင်းအရပေါ့လေ အင်မတန် ကောင်းတဲ့အမှုဟာ၊ ကျနော်မျှော်လင့်သလို ဖြစ်မလာခဲ့ဘူး။ အဲဒီတော့ ကျနော်တွက်တာ ရိုးရိုးလေးပါပဲ။ ဒီလို လက်ခံပြီးသားအမှုကို ပလပ်လိုက်တယ်ဆိုတော့ ကျနော်တို့နိုင်ငံမှာ နိုင်ငံရေးဒီရေ

အတက်အကျတွေကနေ၊ တရားစီရင်ရေးစနစ်ကို တစုံတရာရိုက်ခတ်နေတယ်လို့ယူဆပါတယ်။"

အမှုပြင်ဆင်ချက်အယူခံကို ပယ်ချလိုက်သော်လည်း၊ ဦးကျော်ဆန်းကို စဖမ်းစဉ်ကတည်းက သိမ်းယူထား သော ကုန်တင်ကားကို တရားရုံးကပြန်ပေးခဲ့ကြောင်း ဦးသိန်းညွန့်ကပြောပါသည်။ ဦးကျော်ဆန်းအနေနှင့် အခုတကြိမ်ထောင်ထဲမှာနေရသည်မှာ၊ ယခင် တကြိမ်ကနှင့်မတူဘဲ ကျန်းမာရေးအခြေအနေဆိုးလာသည်ဟု ဇနီးသည် ဒေါ်မေနွဲ့က ဆိုပါသည်။

"ကျန်းမာရေးသိပ်မကောင်းဘူး။ ဒီတခါ အရင်တုန်းက (၉) နှစ်နေခဲ့တာနဲ့ဘာမှမဆိုင်ဘူး။ ခဏခဏသွေးတွေ တအားတက်တယ်။ သွေးတက်လို့ တော်တော်လေးမူးနေတာနဲ့ ထတောင်ထမရဘူးတဲ့။ အဲဒါနဲ့ သူ့ဟာသူ စိတ်ထိန်းပြီးတော့ တရားထိုင်လိုက်တာပေါ့နော်။ နှစ်နာရီသုံးနာရီလောက်ဆိုရင် စိတ်ငြိမ်သွားတယ်။ အဲဒီတော့မှ အိပ်ပျော်သွားတယ်။ မနက်ခင်းအချိန်တောင် (၁၀၀–၁၅၅) ရှိနေတယ်တဲ့။"

စစ်ကိုင်းတိုင်းတန့်ဆည်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းအား DKBA ပစ္စည်းလက်ခံမှုဖြင့် ပြီးခဲ့သည့်နှစ် မတ်လတွင်ဖမ်းဆီးခဲ့ပြီး ထောင် (၇) နှစ် ချထားခြင်းဖြစ်ပါသည်။

အစသို့

## ကိုသက်နိုင်ဦးအမှုနှင့် ဆက်စပ်ဖမ်းဆီးခံရသူနှစ်ဦးအား ပြန်လွှတ်

*၁၂ဧပြီ၊ ၂၀၀၆*

ရန်ကုန်မှ ရရှိသောသတင်းများအရ ကိုသက်နိုင်ဦးအမှုနှင့်ဆက်စပ်ဖမ်းဆီးခံနေရသူ ကိုဝင်းမြင့်နှင့် ကိုခင်မောင်ဇော်တို့အား ယနေ့ ပြန်လွှတ်ပေးလိုက်ကြောင်းသိရပါသည်။ အင်းစိန်ထောင်မှ ယနေ့ညနေပိုင်း၌ ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ပြီး၊ အာမခံနှင့်လော၊ မည်သို့သောခံဝန်ချက်မျိုးဆိုသည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးပါဟု၊ မိသားစုနှင့် နီးစပ်သူတဦးက ဒီဗွီဘီသို့ပြောကြားခဲ့ပါသည်။ အဆိုပါသတင်းနှင့် စပ်လျဉ်း၍၊ သူတို့ (၂) ဦးထံနှင့်၊ ကိုသက်နိုင်ဦး၏ မိခင်ထံသို့ပါ ဆက်သွယ်မေးမြန်း ရန် ကြိုးစားခဲ့သော်လည်း ယခုထက်တိုင် အဆက်အသွယ်မရပဲ ဖြစ်နေပါသေးသည်။

အစသို့

## ရွှေနေဦးအေးမြင့် အမှုအယူခံ ပယ်ချခံရ

*၁၂ဧပြီ၊ ၂၀၀၆*

ILO ထံသတင်းပေးမှုဖြင့် ထောင်နှစ်ရှည်ချမှတ်ခံထားရသောပဲခူးမြို့မှရှေ့နေ ဦးအေးမြင့်အတွက် အယူခံကို ပဲခူးတိုင်းတရားရုံးက ပယ်ချလိုက်သည်ဟုသိရပါသည်။ ဦးအေးမြင့်အား မမှန်သတင်းပေးမှုဖြင့် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်တရားရုံးက၊ ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ထောင် (၇) နှစ် ချခဲ့ပါသည်။ ထို့နောက် ခရိုင်နှင့် တိုင်းတရားရုံးများထံ အဆင့်ဆင့်အယူခံဝင်ခဲ့ရာ၊ ပြီးခဲ့သည့်လ (၇) ရက်နေ့တွင် ပယ်ချလိုက်သည့်အကြောင်း ဦးအေးမြင့်၏ အကျိုးဆောင်ရှေ့နေကြီး ဦးစန်းမောင်က ဒီဗွီဘီထံသို့ အောက်ပါ အတိုင်းပြောပြပါသည်။

"ဦးအေးမြင့်အကြောင်းက (၇) ရက်နေ့ကပယ်လိုက်တယ်လေ တိုင်းတရားရုံးက။ မတ်လ (၇) ရက်နေ့က ပယ်လိုက်တယ်။ လျှောက်လဲချက်ပေးရတာပေါ့။ ပေးတော့ ပယ်တယ်ဆိုတာကိုပြောလိုက်တာပေါ့။ တိုင်းတရားရုံးက သူ့ကိုသေဒဏ်ချခဲ့ဘူးတဲ့ တရားသူကြီးဒေါ်ခင်စောညွန့်တဲ့။ သူကပယ်လိုက်တာ။ သူပဲ ဒီအမျိုးသမီးပဲ။ သူကဘာညာပြောနေသေးတာ။ ခင်ဗျားဘယ်တတ်နိုင်မလဲ ခင်ဗျားအလှည့်ခင်ဗျားလုပ်ပေါ့လို့။ ခင်ဗျားတာဝန်ပဲ။ သူက ပယ်ရတယ်ပေါ့။ ဒီဥစ္စာကို နောက် မေလ (၇) ရက်နေ့မှာ ဗဟိုတရားရုံးချုပ်ကို ပြင်ဆင်မှုထပ်တက်ရမှာပေါ့။ ကိုအေးမြင့်နဲ့တွေ့တယ်။ ကျန်းမာရေးကောင်းပါတယ်။ သူနဲ့ဟိုတနေ့ကသွားတွေ့တယ်။ သူ့ကိုဘုရားစာအုပ် တအုပ်ရယ်၊ နောက်တခုက ရှေ့နေစာအုပ်တအုပ်ရယ်၊ နယူးစ်ဝိခ်တစ်ထုတ်ရယ်၊ နယူးစ်ဝိခ်ထုတ်ကတော့ တိုင်းရေးပြည်ရေး ပါတယ်ဆိုပြီးတော့၊ ပယ်လိုက်တဲ့သဘော။ နယူးစ်ဝိခ်က သွင်းခွင့်မရဘူး။ ဘုရားစာအုပ်ရယ်၊ ရှေ့နေစာအုပ်ရယ် အဲဒီစာအုပ်တော့ ဖတ်ခွင့် ရတယ်။"

ဦးအေးမြင့်၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအခြေအနေနှင့် ILO အပေါ် မျှော်လင့်ချက်ကိုလည်း ဦးစန်းမောင်က ယခုလို ဆက်ပြောပြခဲ့ပါသည်။

"စိတ်ပိုင်းဆိုင်ရာက ကျန်းမာရေးလည်းကောင်းတယ်၊ စိတ်ပိုင်းဆိုင်ရာကလည်းကောင်းတယ်။ သူက သူ့ကိုယ်သူ မျှော်လင့် ထားတာပေါ့။ ဇွန်မှာရှိတယ်မဟုတ်လား ILO ညီလာခံ။ အဲဒီမှာ အဆင်ပြေမှာပေါ့။ မစ္စတာဟိုဆေးက တောင်းတယ်။ နှစ်ခုပေါ့ ခရိုင်နဲ့တိုင်း တရားရုံးချုပ်က။ အဲဒါကို လာပို့ပါဆိုတော့ တိုင်းတရားရုံးက ပြင်ဆင်မှုနဲ့ ဘယ်နေ့ဘယ်ရက်ကပယ်လိုက်တယ်ဆိုတာကို။ သူ့သားကို ပို့ခိုင်းတယ်။ မစ္စတာဟိုဆေးနဲ့ သွားတွေ့တယ်။ တွေ့တော့ မစ္စတာဟိုဆေးက၊ ဒီနေ့ ဘန်ကောက်ကို ဆင်းမယ်ပြောတာပဲ။ သူပြောတာ

အားရစရာ ကောင်းပါတယ်။ ကျနော်တို့ ခေါင်းထဲမှာ ဘာမှမရှိဘူးတဲ့။ ဦးအေးမြင့်နဲ့ ပတ်သက်ပြီးတော့ လွှတ်ဖို့ပဲစဉ်းစားတယ်။ ဒါပဲတဲ့။ ဦးအေးမြင့် ထောင်ထဲကလွှတ်ရမယ်လို့ပြောတယ်။ မစ္စတာဟိုဆေးကိုယ်တိုင်ကတွေ့လို့ပြောတာ။ တော်တော်လေး အားရစရာ ကောင်းပါတယ်။"

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာမှ နွားစားကျက်မြေများကို အာဏာပိုင်များက အလွဲသုံးစားလုပ်ခဲ့သောကြောင့်၊ ဒေသခံလယ်သမားများ စုပေါင်း၍၊ ပြီးခဲ့သည့်နှစ်လယ်ပိုင်းလောက်က ILO ထံသို့စာရေးတိုင်ကြားခဲ့ခြင်းဖြစ်ပါသည်။ ထိုကိစ္စတွင် ဦးအေးမြင့် ပါဝင်ပတ်သက်သည်ဆို၍ ဒိုက်ဦးမြို့နယ်ရဲစခန်းက ဖမ်းဆီးထောင်ချထားခြင်း ဖြစ်ပါသည်။

အစသို့

## ကိုသက်ဝင်းအောင် လွတ်မြောက်ရေးလှုံ့ဆော်ပွဲ လန်ဒန်၌ ကျင်းပမည်

*၁၃၊ဧပြီ၊၂၀၀၆*

ဒီမိုကရေစီအရေးလှုပ်ရှားမှုကြောင့် ထောင် (၅၉) နှစ် ကျခံနေရသည့် မန္တလေးထောင်မှ ၊ ကိုသက်ဝင်းအောင် လွတ်မြောက်ရေး လှုံ့ဆော်ပွဲတခုကို ရှေ့လာမည့် မေလအတွင်း၊ လန်ဒန်မြို့၌ ကျင်းပရန်ပြင်ဆင်ထားသည်ဟု သိရပါသည်။ မေလ (၂) ရက်နေ့တွင် စတင်မည့် အဆိုပါလှုံ့ဆော်ပွဲကို၊ ဘာကလေရင်ပြင်၌ ကျင်းပမည်ဖြစ်ပြီး၊ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ယူကေက၊ တာဝန်ယူစီစဉ် နေခြင်း ဖြစ်ပါသည်။ ထိုလှုပ်ရှားမှုအတွင်း ကိုသက်ဝင်းအောင် လွတ်မြောက်ရေးတောင်းဆိုလက်မှတ်ရေးထိုးထားသော လက်မှတ်ပေါင်း (၆၀၀၀၀) ကျော်ကို ပါလီမန်အဖွဲ့ဝင်တဦးက လက်ခံစုစည်းပြီး၊ နအဖသံရုံးထံပေးပို့သွားမည်ဟုသိရပါသည်။ ထိုလှုံ့ဆော်ပွဲ၏အခြေအနေနှင့်ပတ်သက်၍ လှုံ့ဆော်ရေးမှူးတဦးဖြစ်သည့် ဒေါက်တာ ရှောင်အိုလေးက ယခုလို ရှင်းပြခဲ့ပါသည်။

"ဒီလိုမျိုး လက်မှတ် (၆၀၀၀၀) ရအောင်၊ ပြီးခဲ့တဲ့နှစ် ဂီတဖျော်ဖြေပွဲတခုမှာစတင်စုစည်းခဲ့တာပါ။ ဘယ်ရီးမြို့မှာ ကျင်းပတဲ့ World of Music and Dance ပွဲတော်မှာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က စုစည်းပေးခဲ့တာဖြစ်ပါတယ်။ ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင်လွတ်မြောက်ရေးအတွက် သူတို့က အခုလို လက်မှတ်ရေးထိုးပေးခဲ့ကြတာပါ။ ရှေ့လ (၂) ရက်နေ့ ကျင်းပမည့် အခမ်းအနားကိုတော့ မြန်မာ့အရေးစိတ်ဝင်စားသူတိုင်း တက်စေချင်ပါတယ်။ အားလုံးကို ဖိတ်ကြားထားပါတယ်။ ကိုသက်ဝင်းအောင် လွတ်မြောက်ရေးအတွက် အားလုံးဝိုင်းဝန်းကူညီပေးစေချင်ပါတယ်" ဟု ဒေါက်တာရှောင်အိုလေးက ပြောသွားခြင်းဖြစ်ပါသည်။

အသက် (၃၃) နှစ် ရှိနေပြီဖြစ်သည့် ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင်သည် (၁၉၉၈) စက်တင်ဘာလတွင် စတင်ဖမ်းဆီးခံခဲ့ရပြီး၊ ထောင် (၅၉) နှစ် အပြစ်ပေးခံခဲ့ရပါသည်။ စွဲချက်တင်သည့် ပြစ်မှုမှာ (၁၉၉၈) ကျောင်းသား လှုပ်ရှားမှုကို ဦးဆောင်ခြင်းဖြစ်ပါသည်။ သူ့အား ကလေး၊ ခန္တီးနှင့် အခြားဝေးလံသည့် နယ်ထောင်များသို့ ပြောင်းရွှေ့ခဲ့ပြီး၊ နောက်ဆုံး ကျန်းမာရေးဆိုးလာသည့်အတွက် မန္တလေးထောင်သို့ ပြန်လည်ပြောင်းရွှေ့ခဲ့သည်။ ယခုချိန်တွင် ကိုသက်ဝင်းအောင်မှာ ဘီးတပ် ကုလားထိုင်ဖြင့်သွားနေရသည်ဟု မိသားစုမှပြောပါသည်။ သူ့လွတ်မြောက်ရေးအတွက် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က နှစ်စဉ်လှုံ့ဆော် ပေးနေပြီး သူအပါအဝင် နိုင်ငံရေးအကျဉ်းသား (၁၃၀၀) ကို အမြန်ဆုံး လွှတ်ပေးရန် မကြာခင်က တောင်းဆိုထားပါသည်။

အစသို့

## ပဲခူးကောလိပ်မှ ကျောင်းသားများအား ပြန်လွှတ်ပေးလိုက်ပြီ

*၁၃၊ဧပြီ၊၂၀၀၆*

ဒေါင်းမန်ကဗျာ ဖြန့်ဝေမှုဖြင့်ဖမ်းဆီးခံထားရသည့် ပဲခူးမြို့မှ ကျောင်းသားများအား ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်းသိရပါသည်။ ပြီးခဲ့သည့် တနင်္လာနေ့က ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ပြီး မည်သည့်အတွက်ကြောင့် ပြန်လွှတ်ပေးလိုက်ခြင်းဆိုသည်ကို မသိရသေးပါ။ ပဲခူးကောလိပ်မှ ကျောင်းသားများဖြစ်သည့် မနှင်းဝင့်ဝင့်စိုး၊ မမေစုစုဝင်း၊ ကိုနေလင်း၊ ကိုကျော်သက်ဦး၊ ကိုဝင်းမင်းထွတ်နှင့် A2O ကွန်ပျူတာလုပ်ငန်းပိုင်ရှင် ကိုအောင်အောင်ဦး၊ ကင်းစတား လက်ဘက်ရည်ဆိုင်မှ ကိုဇေယျာအောင်တို့အား ဒေါင်းမန်ကဗျာဖြန့်ဝေမှုဖြင့် မတ်လ (၂၉) ရက်နေ့တွင် အာဏာပိုင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထို့နောက် ပဲခူးထောင်ထဲ၌ တံခါးပိတ်စစ်ဆေးခဲ့ပြီး၊ အခု (၂) ပတ်အကြာ၌ ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း မြို့ခံများ၏ အပြောအရ သိရပါသည်။

အစသို့

## သက်နိုင်ဦးအမှုနှင့် ဆက်စပ်ဖမ်းဆီးခံရသူ (၂) ဦးအား ပြန်လွှတ်သည်မှာသေချာ

*၁၄၊ဧပြီ၊၂၀၀၆*

စည်ပင်ရဲနှင့် မီးသတ်တပ်ဖွဲ့တို့၏ရိုက်နှက်မှုကြောင့်သေဆုံးခဲ့ရသူ၊ ကိုသက်နိုင်ဦးအမှုနှင့် ဆက်စပ်ဖမ်းဆီးခံနေရသည့် လူငယ် (၂) ဦးအား အာဏာပိုင်များက ပြန်လွှတ်ပေးလိုက်သည်မှာ သေချာကြောင်း ယင်းတို့၏ မိသားစုများနှင့်နီးစပ်သူများက ယနေ့အတည်ပြု ပြောကြားခဲ့ပါသည်။

ကိုဝင်းမြင့်နှင့်ကိုခင်မောင်ဇော်တို့ (၂) ဦးအား အခုလ (၁၂) ရက် ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင်၊ အင်းစိန်ထောင်မှ ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ပြီး၊ ထိုသို့ လွှတ်ပေးရန်အတွက် စစ်အစိုးရအကြိုက် ဖြောင့်ချက်ပေးခဲ့ရသည်ဟုသိရပါသည်။ ယခုလ (၉) ရက်နေ့ သတင်းစာရှင်းလင်းပွဲအတွင်း ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းပြောခဲ့သည့်အတိုင်း၊ ကိုသက်နိုင်ဦးသည်၊ အရက်မူးနေသည့် လူငယ်တစ်ဦးဖြစ်ပြီး၊ ထိုအမှု၌ ရဲဖက်ကမမှားဘဲ၊ ကိုသက်နိုင်ဦးဖက်က မှားသည်ဆိုသည့်အချက်ကို ဖြောင့်ချက်ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ သူတို့ (၂) ဦး၏ မိသားစုအသိုင်းအဝိုင်းက ဝန်ခံပြောကြားခဲ့ပါသည်။ ထိုသတင်းနှင့်ပတ်သက်၍ ကိုသက်နိုင်ဦး၏ မိခင်ဒေါ်စန်းရီထံ မေးကြည့်သည့်အခါ ယခုလို ရှင်းပြခဲ့ပါသည်။

"ဟုတ်ပါတယ်။ ပြန်လွှတ်ပေးလိုက်ပါပြီ။ ဟိုတနေ့တုန်းက (၁၂) ရက်နေ့တုန်းက ဘာမှအာမခံချက်မဟုတ်ဘူး။ အပြီးလွှတ်ပေးလိုက်တာပေါ့။ ဝမ်းသာပါတယ်။ သူတို့တွေ လွှတ်လာတာလဲလေ။ သူတို့ကို မေးကြည့်တဲ့အခါကြတော့ ဘယ်လိုလဲ အခြေအနေအထဲမှာ သူတို့ကတမျိုးပေါ့။ သေတဲ့သူကတော့သေသွားပြီ။ နင်တို့ ဒီလိုဒီလိုထွက်ဆိုပြီးတော့ သူတို့ ထွက်ခိုင်းမှာပေါ့။ သူတို့ ထွက်တာက သတင်းစာရှင်းလင်းပွဲမှာ ပါသွားတာကိုး။ ပါသွားတော့ မင်းတို့ ဒီလိုဒီလို ထွက်သလားဆိုတော့။ ဒီလိုထွက်တယ်တဲ့ အန်တီကမမေးတော့ဘူးလေ။ သိလိုက်ပြီပေါ့။ ဝီစကီ တပြားခွဲသောက်တယ်၊ လမ်းမှာလဲသောက်တယ်၊ နောက်ပြီးတော့ ကိစ္စဝိစ္စပြီးမှရဲကရောက်တယ်။ ရှေ့ဖြစ်တဲ့ကိစ္စတွေကို သူတို့မသိဘူး။ ဒီလိုမျိုး ထွက်ခဲ့တယ်။ ပြောတာတွေက အပြင်မှာသိထားတာ ကြားထားတာနဲ့ မတူဘူးပေါ့နော်။ အန်တီကတော့ အခုချိန်က ကိုယ့်ကိုကိုယ် စိတ်ကိုတည်ငြိမ်အောင် မနည်းတည်ဆောက်ရတဲ့ အခြေအနေဆိုတော့ စကားတွေက သိပ်မပြောချင်တော့ဘူး။"

ထိုအမှုကို လာမည့် (၁၉) ရက်နေ့တွင် ရန်ကုန် အနောက်ပိုင်းခရိုင်တရားရုံး၌ ထပ်မံစစ်ဆေးရန် ရှိနေပြီး ဒေါ်စန်းရီကိုပါ ဆင့်ခေါ်ထားသည်ဟုသိရပါသည်။ အသက် (၄၀) အရွယ် နိုင်ငံရေးအကျဉ်းသားဟောင်း ကိုသက်နိုင်ဦးသည်၊ ပြီးခဲ့သည့်လ (၁၈) ရက်နေ့ ညပိုင်းတွင် သိရိမင်္ဂလာဈေး စည်ပင်ရဲနှင့် အရံမီးသတ်တပ်ဖွဲ့တို့၏၊ ရိုက်နှက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ထိုကဲ့သို့ ရက်ရက်စက်စက်သတ်ဖြတ်မှုအပေါ် ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုများက ကန့်ကွက်သည့်အခါ၊ တုံ့ပြန်သည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းမှ၊ သတင်းစာရှင်းလင်းပွဲလုပ်ပြီး၊ ရဲနှင့် စည်ပင်အမှားမဟုတ်ဘဲ ကိုသက်နိုင်ဦး၏အမှားသာဖြစ်ကြောင်း၊ ယခုလ (၉) ရက်နေ့၌ ရှင်းချက်ထုတ်ခဲ့သည်။ ထို့နောက် အမှုနှင့် ဆက်စပ်ဖမ်းဆီးခံနေရသည့်၊ ကိုသက်နိုင်ဦး၏ သူငယ်ချင်း (၂) ဦးကိုလည်း လိုချင်သည့်ပုံစံအတိုင်း ထွက်ချက်ပေးခိုင်းပြီးမှ ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ပါသည်။ သို့သော် ကိုသက်နိုင်ဦး သေဆုံးအောင်ရိုက်နှက်ရာမှာ ပါဝင်သည့် ရဲနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို ဖမ်းဆီးစစ်ဆေးခြင်းရှိမရှိနှင့်၊ အမှုမှန်ပေါ်ရန်အာဏာပိုင်များဖက်က မည်သို့ဆောင်ရွက်နေကြောင်းကို ဗိုလ်ချုပ်ကျော်ဆန်းကလည်း မရှင်းပြသလို၊ မည်သူတဦးတယောက်မှလည်း အတိအကျမသိနိုင်ဘဲ ဖြစ်နေကြောင်း သိရပါသည်။

အစသို့

## ကိုသက်နိုင်ဦးအမှုအား ထပ်မံရုံးချိန်းပေးလိုက်ပြီ

*၁၉၊ဧပြီ၊၂၀၀၆*

ရဲ၊ မီးသတ်နှင့်စည်ပင်ဝန်ထမ်းများ၏ ရိုက်နှက်မှုကြောင့် သေဆုံးခဲ့ရသူ ကိုသက်နိုင်ဦး၏ အမှုကို ယနေ့မစစ်ဖြစ်ဘဲ၊ ထပ်မံရုံးချိန်းပေးလိုက်ကြောင်းသိရပါသည်။ အမှုကိုယနေ့စစ်ဆေးမည်ဆို၍ ရန်ကုန် အနောက်ပိုင်းခရိုင်တရားရုံးမှ ဆင့်ခေါ်ထားသည့်အတွက် တရားရုံးဆီသွားခဲ့ကြောင်း၊ သို့သော် အချိန်မရှိတော့ဆို၍ ရှေ့တပတ် (၂၈) နေ့မှာ၊ ပြန်စစ်မည်ဖြစ်ကြောင်း ရုံးချိန်းပေးလိုက်သည့်အတွက်၊ ဒီအတိုင်း ပြန်လာခဲ့ရသည်ဟု ကိုသက်နိုင်ဦး၏ မိခင်ဒေါ်စန်းရီကပြောပါသည်။ ထိုအမှုနှင့်ဆက်စပ်ပြီး ဖမ်းဆီးခံနေရသူ လူ (၅)ဦးကို တရားခွင်ထဲမှာတွေ့ခဲ့ရသော်လည်း၊ အားလုံးသည်ဆိုက်ကားသမားများသာဖြစ်ပြီး ရဲနှင့်မီးသတ်များကိုတော့ မတွေ့မိကြောင်း သူမကဆိုပါသည်။ လာမည့် (၂၈) ရက်နေ့တွင်ဒေါ်စန်းရီအပြင်၊ စည်ပင်ဌာနမှ ဝန်ထမ်း (၃) ဦးကိုပါ စစ်ဆေးမည်ဖြစ်ကြောင်းသိရပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတဦးဖြစ်သူ အသက် (၄၀) အရွယ် ကိုသက်နိုင်ဦးသည်၊ ပြီးခဲ့သည့်လ (၁၈) ရက်နေ့က ကြည့်မြင်တိုင် သိရိမင်္ဂလာဈေးအတွင်း အပေါ့သွားမှုနှင့်ရိုက်သတ်ခံခဲ့ရသူဖြစ်သည်။ ထိုအမှုနှင့်ပတ်သက်၍ အာဏာပိုင်များတွင် တာဝန်မရှိကြောင်း၊ သေဆုံးသူ ကိုသက်နိုင်ဦးမှာသာ တာဝန်ရှိကြောင်း စစ်အစိုးရဖက်မှပြောဆိုနေဆဲဖြစ်ကြောင်းလည်းသိရပါသည်။

အစသို့

## မကွေးမှ အဖွဲ့ချုပ်ဝင် (၂) ဦးအမှုရုံးချိန်းရက်ထပ်ရွှေ့

*၂၀၊ပြေ၊၂၀၀၆*

ရန်ကုန် ILO ရုံးထံ မမှန်သတင်းပေးပို့မှုဖြင့် တရားစွဲခံထားရသော မကွေးတိုင်း၊ အောင်လံမြို့နယ်မှ အဖွဲ့ချုပ်ဝင် (၂) ဦး၏အမှုကို ရှေ့လ (၂၉) ရက်နေ့အထိ ရုံးချိန်းထပ်ရွှေ့လိုက်သည်ဟု သိရပါသည်။ အောင်လံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဖုံနှင့် အဖွဲ့ဝင် ကိုဇော်ဌေးတို့ အပါအဝင်၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် အဖွဲ့ချုပ်ဝင် ကိုအောင်သန်းထွန်းတို့အား၊ မြို့နယ်တရားရုံးက တရားစွဲခဲ့သည့်အချိန်မှစ၍၊ အခုချိန်ထိ အမှုစစ်ဆေးခြင်းမရှိဘဲ၊ မြို့နယ်တရားရုံးက ယခုကဲ့သို့ ရုံးချိန်းရက်ကိုအကြိမ်ကြိမ် ထပ်ရွှေ့နေခြင်း ဖြစ်သည်။ ထိုအကြောင်းကို တရားစွဲခံထားရသူ ကိုဇော်ဌေးက ယခုလိုပြောပြပါသည်။

"တရားလို ကိုအောင်သန်းထွန်းရဲ့ဆင့်စာ အတည်မဖြစ်သေးလို့ပဲ သူတို့ အဲလို ရုံးချိန်းပြန်ပြီးချိန်းတယ်။ တောင်ကုတ်တရားရုံးကို သူတို့ ဒီအောင်လံတရားရုံးကနေ ဆင့်စာပို့တယ်လေ။ အဲဒီဆင့်စာက ပြန်ပြီးတော့ဝင်မလာဘူး။ အတည်ဖြစ်လား၊ မဖြစ်လား၊ မတည်သေးတဲ့အတွက် အမှုကို စစ်ဆေးလို့ မရသေးဘူးလို့ ဆိုပြီးတော့၊ အဲလိုပဲ ကျနော်တို့ကို ပြန်ပြန်ချိန်းနေတာ။ ဘယ်လိုခေါ်မလဲဆိုတော့ သူတို့ဟာက။ ကျနော် ဥပဒေနားတော့မလည်ဘူးပေါ့ဗျာ။ ဥပဒေရှိသယောင်ယောင် လုပ်နေတာပေါ့။ ကျနော်တို့အမှုပဲ (၇) လ ရှိသွားပြီ။ အခုထိ ကျနော်တို့ကို စစ်ဆေးမေးမြန်းခြင်း မရှိသေးဘဲနဲ့ ရုံးချိန်း၊ ရုံးချိန်းတွေချည်းပဲ ပို့နေတဲ့အတွက်ကတော့ သူတို့ အော်ဒါနဲ့လုပ်နေတယ် လို့ပဲ ကျနော် မြင်တယ်လေ။"

လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဖုံနှင့် ကိုဇော်ဌေးတို့အား နအဖ၏ အဓမ္မအလုပ်ခိုင်းစေမှုကြောင့် ပြေးရှောင်သွားသော ကိုဝင်းလွင် သေဆုံးခဲ့ရသည့်ကိစ္စနှင့် ပတ်သက်၍ ရန်ကုန် ILO ထံ မမှန်သတင်းပေးမှု ပုဒ်မ (၁၈၂) ဖြင့်သရက်ခရိုင် ရဲမှူးကြီး ဦးစိန်ဝင်းမှ ပြီးခဲ့သည့်နှစ်အောက်တိုဘာလကတည်းက တရားစွဲထားခြင်း ဖြစ်ပါသည်။

အစသို့

## ကဗျာ ရေးသားဖြန့်ဝေမှုဖြင့် ပဲခူးမှ လူငယ် (၃) ဦးအား ရုံးတင်စစ်ဆေးမည်

*၂၄၊ပြေ၊၂၀၀၆*

ဒေါ်ခင်းမာန်ကဗျာ ရေးသားဖြန့်ဝေမှုဖြင့်ဖမ်းဆီးခံခဲ့ရသည့် ပဲခူးမြို့မှ ကျောင်းသားလူငယ် (၃) ဦးအား ပုံနှိပ်ဥပဒေနှင့် မနက်ဖြန်တွင် ရုံးတင်စစ်ဆေးမည်ဟုသိရပါသည်။ ယင်းတို့ (၃) ဦးမှာ အေတူးအို ကွန်ပျူတာလုပ်ငန်းပိုင်ရှင် ကိုအောင်အောင်ဦး၊ ကင်းစတားလက်ဖက်ရည်ဆိုင်မှ ကိုဇေယျာအောင်နှင့် ကိုအောင်သန်းတို့ ဖြစ်ပြီး၊ ယခုလောလောဆယ် ပဲခူးထောင်တွင် ချုပ်ထားကြောင်း သိရပါသည်။ သူတို့ (၃) ဦး အပါအဝင် ပဲခူးကောလိပ်မှ ကျောင်းသား အချို့ကို၊ ဒေါ်ခင်းမာန်ကဗျာ ရေးသားဖြန့်ဝေမှုဖြင့် မတ်လ (၂၉) ရက်နေ့၌ အာဏာပိုင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက် သူတို့အား ပဲခူးထောင်အတွင်း စစ်ဆေးမှုပြုလုပ်ခဲ့ပြီး ကျောင်းသားအချို့ကို ပြန်လွှတ်ပေးခဲ့ပါသည်။ သို့သော်ဒေါ်ခင်းမာန်ကဗျာများနှင့်အတူ မြဝတီမြို့၌ စတင်ဖမ်းမိခဲ့သော ကိုဇေယျာအောင်အပါအဝင် လူငယ် (၃) ဦးကို အာဏာပိုင်များက ပြန်လွှတ်မပေးဘဲ၊ ဆက်လက်ဖမ်းဆီးထားပြီး ရုံးတင်စစ်ဆေးရန် စီစဉ်နေခြင်းဖြစ်ကြောင်း ပဲခူးမြို့ခံများ၏ပြောပြချက်အရ သိရပါသည်။

အစသို့

## ကိုသက်နိုင်ဦးအမှုအား မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန် မိခင်ဖြစ်သူ တောင်းဆို

*၂၅၊ပြေ၊၂၀၀၆*

မီးသတ်နှင့် စည်ပင်ရဲများ၏ရိုက်သတ်မှုကြောင့် သေဆုံးခဲ့ရသော၊ ကိုသက်နိုင်ဦး၏အမှုကို တရားခံအစစ်အမှန် ပေါ်ပေါက်ရေးအတွက် ဥပဒေကြောင်းအရမှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန်၊ မိခင်ဖြစ်သူ ဒေါ်စန်းရီက နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ စာရေးတောင်းဆိုလိုက်ကြောင်း သိရပါသည်။ ထိုစာကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့၊ ယခုလ အစောပိုင်းက ပေးပို့လိုက်ခြင်း ဖြစ်ပြီး၊ ကိုသက်နိုင်ဦး အသတ်ခံရသည့် ဖြစ်စဉ်ကိုအသေးစိတ်ဖော်ပြထားကြောင်းသိရပါသည်။ အောက်ခြေအာဏာပိုင်များအနေနှင့် လုပ်ပိုင်ခွင့်ထက်ကျော်ပြီး၊ လူတဦးကို ရက်ရက်စက်စက် ရိုက်သတ်ခဲ့ခြင်းသည်၊ တရားဥပဒေစိုးမိုးရေးကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ဆိုပါသည်။ ထို့အပြင် သားဖြစ်သူ ကိုသက်နိုင်ဦး ဒဏ်ရာများနှင့် မချိမဆန့် သေဆုံးခဲ့ရသည့်အပေါ် မိခင်တဦးအနေဖြင့် မည်သို့မှ ဖြေ၍မရနိုင်ကြောင်း၊ ထို့ကြောင့် တရားခံအစစ်အမှန်ပေါ်ပေါက်ရေးနှင့် တရားဥပဒေအရအရေးယူဆောင်ရွက်ပေးရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ မေတ္တာရပ်ခံထားသည်ဟုသိရပါသည်။ အဆိုပါစာကို ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းအပါအဝင် အစိုးရထိပ်ပိုင်းခေါင်းဆောင်များထံသို့လည်း မိတ္တူကူးပေးပို့ထားကြောင်းသိရပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်း

ကိုသက်နိုင်ဦးသည် မီးသတ်၊ ရဲနှင့် စည်ပင်ဝန်ထမ်းများ၏ ဝိုင်းဝန်းရိုက်နှက်မှုကြောင့် ပြီးခဲ့သည့်၊ မတ်လ (၁၈) ရက်နေ့တွင် သေဆုံးခဲ့ခြင်းဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက်၍ မိခင်ဖြစ်သူ ဒေါ်စန်းရီက အမှုဖွင့်တိုင်ကြား ထားသော်လည်း၊ အာဏာပိုင်များအနေဖြင့် အမှန်တကယ်ရိုက်နှက်ခဲ့သူများအား ဖမ်းဆီးခြင်းမရှိဘဲ ဆိုက္ကားသမား များကိုသာ ဖမ်းဆီးစစ်ဆေးနေကြောင်းသိရပါသည်။

အစသို့

## ရှေ့ဂူအဖွဲ့ချုပ်ဝင် ဦးကိုကိုမြင့်နှင့် ဦးသိန်းဇော်တို့၏ အယူခံများ ပယ်ချခံရ

*၂၅၊ဧပြီ၊၂၀၀၆*

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ဖမ်းဆီးအကျဉ်းချခံခဲ့ရသော ရှေ့ဂူမြို့နယ်အဖွဲ့ချုပ်ဝင် ဦးကိုကိုမြင့်နှင့် ဦးသိန်းဇော်တို့၏ အယူခံများကို၊ တိုင်းအဆင့်အထိ အကျဉ်းနည်းဖြင့်ပယ်ချလိုက်ကြောင်းသိရပါသည်။ ရှေ့ဂူမြို့နယ် နအဖအာဏာပိုင်များက၊ ဦးကိုကိုမြင့်နှင့် ဦးသိန်းဇော်တို့နှစ်ဦးအား၊ ဘိန်းအရောင်းအဝယ်လုပ်သူများအဖြစ် ထောင်ချောက်ဆင်လုပ်ကြံဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သက်သေခိုင်လုံမှုမရှိဘဲ ယင်းတို့နှစ်ဦးအားမတရားအမှုဆင်ပြီး၊ ရှေ့ဂူမြို့နယ်တရားရုံးမှ၊ ထောင်ဒဏ် (၇) နှစ်စီ ချမှတ်လိုက်သည့်အပေါ် မန္တလေးတိုင်းအဖွဲ့ချုပ်ရှေ့နေ ဦးမျိုးဆွေက ခရိုင်၊ ပြည်နယ်၊ တိုင်းအထိ (၃) ဆင့် အယူခံတင်ပြခဲ့ပါသည်။ ထိုအယူခံများအပေါ် နအဖ ဖက်က အကျဉ်းနည်းနှင့် ပယ်ချလိုက်သည့်အကြောင်းကို၊ မန္တလေးတိုင်းအဖွဲ့ချုပ်ရှေ့နေ ဦးမျိုးဆွေက ဒီဗွီဘီကို အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

"မြို့နယ်တရားရုံးမှာ အမှုစစ်ဆေးတယ်။ သူ့ကို ဘိန်းလက်ဝယ်တွေ့ရှိမှု (၁၆-ဂ) နဲ့ပဲ ထောင် (၇) နှစ် အပြစ်ပေးလိုက်တယ်။ အဲဒါကို ကျနော်တို့က မြို့နယ်တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို၊ ဗန်းမော်ခရိုင်တရားရုံးဆီအယူခံတင်သွင်းပါတယ်။ အဲဒါ အကျဉ်းနည်းနဲ့ ပလပ်ခံရပါတယ်။ နောက် အဲဒီဟာကို ကချင်ပြည်နယ်တရားရုံးကို ကျနော်တို့က၊ ထပ်မံပြီးတော့ပြင်ဆင်မှုတက်ပါတယ်။ အကျဉ်းနည်းနဲ့ ပလပ်ခံရပါတယ်။ အဲဒါနဲ့ ကျနော်က တရားရုံးချုပ်ကို ဆက်ပြီးတော့ ပြင်ဆင်မှု ဝင်ရောက်ပါတယ်။ အဲဒီအခါမှာလည်း အကျဉ်းနည်းနဲ့ ပလပ်ခြင်း ခံရပါတယ်။ အကျဉ်းနည်းနဲ့ ပလပ်တယ်ဆိုတာက လက်ခံ၍ကို မရတာပေါ့။ Admission and Final ပေါ့ နှစ်မျိုးရှိတာကိုး။ Admission တောင်မရဘူးဆိုတော့ Final လည်းရတော့ဘူး။ တဖက်သတ်လဲပြီး တယောက်တည်းလဲပြီးရှုံးတာပေါ့ဗျာ။ အဲလိုရှုံးတဲ့အတွက် ကျနော်တို့က အထူးအယူခံဝင်ခွင့်ရဖို့အတွက် ဝန်ကြီးနှစ်ပါးထိုင်ဖြစ်တဲ့ ပြစ်မှုအထွေထွေလျှောက်လွှာအထူးကို ရှေ့အပတ် ထဲမှာတင်ဖို့စီစဉ်ထားပါတယ်။ အမှုတွဲကူးဖို့ စီစဉ်နေပါတယ်။"

အဆိုပါအယူခံကိုမည်ကဲ့သို့ထုချေလျှောက်လဲချက်များနှင့် တင်ပြခဲ့ပါသလဲဟု ဦးမျိုးဆွေထံ မေးမြန်းကြည့် သည့်အခါမှာတော့

– –

"ဘာမှမသက်ဆိုင်တဲ့သူတွေ လက်ထဲမှာ၊ ဘိန်းလက်ဝယ်တွေ့တယ်ဆိုတာက ထူးဆန်းနေတယ်။ ဘယ်လို ထူးဆန်းလဲဆိုတော့၊ မလိုမုန်းထားတဲ့သူတွေက ရှာဖွေတဲ့အချိန်မတိုင်ခင်မှာ ပစ်ထားတာလား။ သို့မဟုတ် အဲလိုရှာဖွေတဲ့အချိန်မှာ တယောက်ယောက်ကများ လုပ်ကြံပြီးဖန်တီးသလားဆိုတာ၊ ပြောလို့မရပါဘူး။ ကျနော်တို့ဟာ Position without Knowledge ဆိုတာသုံးလို့ရပါတယ်။ မူးယစ်ဆေးဝါးမှာ ဒီဘိန်းလက်ဝယ် တွေ့ရှိခြင်းဟာ၊ အတွေ့ခံရတဲ့သူက ကိုယ်တိုင်သူသိသလား၊ သို့တည်းမဟုတ် သူ့ရဲ့ စီမံခန့်ခွဲမှု အောက်မှာ ဒီဘိန်းထားသလား။ ဒါကို သုံးသပ်ရပါတယ်။ ဘိန်းလက်ဝယ်တွေ့ရုံနဲ့ သူ့ဘိန်းလို့၊ သို့တည်းမဟုတ် သူ့ရဲ့ ပစ္စည်းလို့ သူစီမံသိုဝှက်ထားတဲ့ ပစ္စည်းလို့ပြောလို့မရပါဘူး။ သူ မသိဘဲနဲ့ထားတဲ့ဘိန်းဆိုရင်၊ သူ့မှာ အပြစ်မရှိဘူးဆိုပြီး လွှတ်ပေးရပါတယ်။ ဒီနှစ်ယောက်စလုံးရဲ့အမှုမှာ သူတို့တတွေက မသိဘဲနဲ့ ရှိနေတယ်ဆိုတာတွေကလုံးဝပေါ်တယ်။ သို့ပေမယ့် အပြစ်ပေးခံရတယ်။ အဲဒါအတွက်ကို ကျနော်တို့က တရားရုံးတွေမှာအဆင့်ဆင့်အယူခံတာကတော့၊ တရားရေးမ□ုင်တည့်မတ်စေဖို့ရယ်၊ ဖြောင့်မတ်မှန်ကန်တဲ့ တရားစီရင်ရေးကို ရရှိဖို့အတွက်ရယ်၊ အပြစ်မဲ့တဲ့သူ အပြစ်မရရေးရယ်၊ အဲဒါကို ဦးတည်ပြီးတော့ ကျနော်တို့ အဆင့်ဆင့်အယူခံ ဝင်ရောက်နေတာဖြစ်ပါတယ်။ ကျနော့်လူတွေက နိုင်ငံရေးသမားတွေပါ။ သူတို့တွေကို နိုင်ငံရေးကိစ္စနဲ့ အပြစ်ပေးခံရရင် သူတို့က ခေါင်းမော့ ရင်ကော့ပြီးဝင်ကြမှာ။ အခု ဘာမှမဟုတ်တဲ့ ကိုယ်လည်းမသုံးစွဲတဲ့၊ ကိုယ်နဲ့လည်း ဘာမှမသက်ဆိုင်တဲ့ မူးယစ်ဆေးဝါးတရားခံဆိုပြီးတော့ အပြစ်ပေးခံရတာ သူတို့က စိတ်မကောင်းကြဘူး။"

ယခုကဲ့သို့ တိုင်းအဆင့်ကနေ အယူခံပယ်ချလိုက်သည့်အကြောင်း၊ ဦးကိုကိုမြင့်နှင့် ဦးသိန်းဇော်တို့အား လာမည့်ထောင်ဝင်စာ တွေ့ချိန်မှ၊ မိသားစုများကပြောပြရမည်ဟုသိရပါသည်။ ဦးသိန်းဇော်၏ဇနီး ဒေါ်ဝင်းဝင်းသန်းက ခင်ပွန်းသည်၏ဆန္ဒအတိုင်း ဆက်လက်အယူခံတင်လိုသော်လည်း၊ ငွေကြေးအခက်အခဲရှိနေသည့်အကြောင်း ဒီဗွီဘီထံ ပြောပြသွားပါသည်။

အစသို့

## နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေ ပိုမိုဆိုးဝါး

*၂၆၊ဧပြီ၊၂၀၀၆*

နိုင်ငံတကာကြက်ခြေနီအဖွဲ့ ICRC ကို၊ အကျဉ်းထောင်များအတွင်း ဝင်ရောက်စစ်ဆေးခွင့် ပိတ်ပင်ထားသည့်အတွက်၊ နိုင်ငံရေးအကျဉ်းသားများ၏အခြေအနေ ပိုမို ဆိုးရွားလာနေကြောင်း သိရပါသည်။ ICRC ကို ဝင်ခွင့်မပေးဘဲ ပိတ်ပင်ထားသည်မှာ (၃) လ ကျော်လာပြီဖြစ်သည့်အတွက်၊ နှစ်ရှည်နိုင်ငံရေးအကျဉ်းသားများက ICRC ပြန်ဝင်ခွင့်ရန်အတွက် အထူးစောင့်မျှော်နေသည်ဟု၊ ယနေ့ ထောင်ဝင်စာတွေ့ခဲ့သူ နိုင်ငံရေးအကျဉ်းသား မိသားစုလည်းဖြစ်၊ (၈) လေးလုံးမျိုးဆက် ကျောင်းသားခေါင်းဆောင်တဦးလည်းဖြစ်သော ကိုပြုံးချိုမှ ပြောကြားခဲ့ပါသည်။

"ဒီနေ့တွေ့တယ်။ တွေ့တော့ အကြောကောင်းကောင်းမသယ်နိုင်တဲ့ကိစ္စပေါ့။ အဲဒါ အဓိက သူခံစား နေရတယ်။ တအံ့တသြ သူ့အမေးနဲ့မေးတယ်။ သူ့ကျန်းမာရေးအကြောင်းကို မေးတဲ့အခါ ကျန်းမာရေးနဲ့ ဆက်စပ်ပြီးတော့ မေးတာက၊ သူ့အနေနဲ့ တအံ့တသြ ဖြစ်တာ ICRC လည်း မလာပါလားဆိုတဲ့၊ ပုံသ□န်မျိုးနဲ့ သူက ကျနော်တို့ကို ပြန်မေးတာရှိတယ်။ ဘာပဲပြောပြောတဲ့ ဒီလိုအဖွဲ့ အစည်းတွေရှိနေလို့ရင် သူတို့ အထောက်အကူရလိမ့်မယ်။ ကူညီမယ့် ပုဂ္ဂိုလ်တွေရှိနေတယ်လို့၊ သူတို့မြင်နေရတဲ့အတွက် ဘာပဲပြောပြော သူတို့ ဖြတ်သန်းရတာ နည်းနည်းသက်တောင့်သက်သာရှိတယ်၊ အသက်ရှူချောင်တယ်လို့ သူတို့ယူဆကြတယ်ပေါ့။ အခုချိန်မှာ ဒီလိုအဖွဲ့ အစည်းတွေ မဝင်လာတဲ့အတွက် ပြန်ပြီးတော့၊ ဝင်စေချင်တဲ့ အာသီသ သဘောတွေ့ရတယ်။"

မန္တလေးထောင်၌ ထောင်ဒဏ် (၅၉) နှစ် ကျခံနေရသူ ကိုသက်ဝင်းအောင်ကို၊ ယနေ့ ထောင်ဝင်စာ တွေ့ခွင့်ရခဲ့သော ယင်း၏အကို ကိုပြုံးချို ပြောပြခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ICRC အဖွဲ့သည် ယခင်ကဆိုလျှင်၊ အကျဉ်းသားများ၏သတင်းကို □င်းတို့မိသားစုများဆီသို့ အမြဲတမ်းအကြောင်းကြားနေပြီး၊ ယခုဆိုလျှင် ထောင်ဝင်စာ သွားတွေ့သူများမှတဆင့် သတင်းပြန်ယူနေရသောသဘောမျိုးအထိ အခြေအနေပြောင်းပြန်ဖြစ်သွားသည်ဟုလည်း ကိုပြုံးချိုမှ ထောက်ပြခဲ့ပါသည်။

"ဟုတ်ပါတယ်။ အစတုန်းက ကျနော်တို့ကို၊ သူတို့ကနေပြီးတော့ အိမ်ကမိသားစုနဲ့ ဆက်သွယ်ပေး နိုင်အောင် အထဲကိုလာ တွေ့တယ်။ တွေ့ပြီးရင်ကျနော်တို့စာရေးချင်ရင်၊ ရေးချင်တဲ့စာကို ထောင်အာဏာပိုင်တွေ ခွင့်ပြုတယ်ဆိုရင်၊ အဲဒီစာကို သယ်ပြီးတော့ အိမ်ကမိသားစုကိုပေးတယ်၊ အကြောင်းကြားတယ်။ နောက်ပြီးတော့ ကျနော်တို့ မှာတဲ့အနေအထားတွေနဲ့၊ ကျန်းမာရေးကို သူတို့ သေချာမေးမြန်းပြီးတော့ သတင်းစကားကို အိမ်ကို ပါးပေးတယ်ပေါ့။ အခုအနေအထားကျတော့ သူတို့က နိုင်ငံရေးအကျဉ်းသားတွေကို သွားမတွေ့ရတဲ့ အနေအထား ကျတော့၊ အထဲမှာ ဘယ်လိုဒုက္ခရောက်နေလဲ၊ ဘယ်လိုကျန်းမာရေးချို့ယွင်းနေလဲ၊ မိသားစုတွေနဲ့ အဆက်အသွယ် ရှိ မရှိကို သူတို့ကိုယ်တိုင်ကိုယ်က မသိတော့ဘူး။ အဲဒီတော့ သွားနိုင်တဲ့မိသားစုတွေသွားပြီးတော့၊ ပြန်လာတဲ့အခါမှာ အထဲထဲကလူတွေအကြောင်းကိုသိချင်တယ်။ အရင်ကလို စားရသောက်ရ၊ နေရထိုင်ရ သူတို့အကုန် ဘယ်လိုဖြစ်နေသလဲဆိုတာ အခုကာလမှာ သူတို့အဆက်အသွယ် ပြတ်နေတယ်။ ထောင်တွေထဲကို ဝင်ပြီးတော့ စစ်ဆေးခွင့်မရှိတဲ့အတွက် အခုလက်ရှိ ပကတိဖြစ်နေတဲ့ အနေအထားကို၊ တွေ့တဲ့မိသားစုနေတွေဆီကပဲ သတင်းကို ပြန်ရအောင်လုပ်နေရတဲ့ အနေအထား ရှိတယ်။"

ICRC ၏ လက်ရှိအခြေအနေအကြောင်းကို ကိုပြုံးချိုမှ ပြောပြခဲ့ခြင်း ဖြစ်ပါသည်။ ယနေ့ တွေ့ခွင့်ရခဲ့သော ကိုသက်ဝင်းအောင်၏ ကျန်းမာရေးအခြေအနေအကြောင်း ထပ်မံမေးမြန်းကြည့်သောအခါတွင် ကိုပြုံးချိုမှ ယခုလိုဖြေကြားခဲ့ပါသည်။

"ခြေထောက် အကြောကောင်းကောင်းမသယ်နိုင်တဲ့ကိစ္စပေါ့။ အဲဒါအဓိက သူခံစားနေရတယ်။ အရင်တုန်းက ကလေးနဲ့ ခန္တီးမှာနေစဉ်က ငှက်ဖျားဒဏ်ကရလာတဲ့ အကြောအားနည်းတဲ့ဝေဒနာကြောင့် ခြေထောက်ကောင်းကောင်း မသယ်နိုင်ဘူး။ အဲဒါကို သူခံစားနေရတယ်။ အခုသူ့ကို ဒီနေ့ ကျနော်တို့နဲ့ ထောင်ဝင်စာတွေ့ဖို့လာတော့ လက်ကိုင်ထောက်တဲ့တုတ်ကောက်နဲ့။ အဲဒါနဲ့ခေါ်ထုတ်လာရတယ်။ အခန်းထဲ ရောက်တော့မှ ကျန်တဲ့အကျဉ်းသားတွေနဲ့ ဝန်ထမ်းတွေတွဲပြီး တင်လာတယ် ကျနော်တို့ဆီ။ အဲဒါကြောင့်လည်းသူက သူ့ဆန္ဒကပြောတာက၊ သူဒီခံစားနေရတဲ့ဝေဒနာက အထဲမှာဒီအတိုင်းပဲ ဆက်ပြီးတော့ကုသွားမယ်ဆိုရင် တိုးတက်မှုကရသင့်ရထိုက်တဲ့ အနေအထားမဟုတ်ဘဲ တန့်ရင်တန့်နေမယ်၊ သို့မဟုတ် ဆုတ်ယုတ်ရင်ဆုတ်ယုတ်မယ်၊ ခုနက ကျနော် ပြောသလို အပြင်မှာကျတော့ ရွေးချယ်စရာတွေက အများကြီး ရွေးချယ်ပိုင်ခွင့်ရှိတယ်။ နေ့စဉ်နဲ့အမျှ သူ့ရဲ့တိုးတက်မှုကို ရှိတယ် မရှိဘူးဆိုတာ ခန့်မှန်းပြီးကုလို့ရမယ်။ သူ့ဆန္ဒအရတော့ အပြင်မှာထွက်ကုမယ်ဆိုရင် ပိုကောင်းမယ်၊ နောက်သူ့လိုမျိုး ကျန်တဲ့ရောဂါ ပြင်းပြင်းထန်ထန် ခံစားနေရတဲ့ အကျဉ်းသားတွေ အားလုံးကိုလည်း အပြင်မှာ မြန်မြန်ဆန်ဆန် ဆေးကုစေချင်တယ်။ သူ့ဆန္ဒတွေ ပြောပြတယ်။"

(၁၉၉၈) ကျောင်းသားလှုပ်ရှားမှုဦးဆောင်မှုဖြင့် ထောင်ဒဏ် (၅၉) နှစ် ကျခံနေရသူ ကိုသက်ဝင်းအောင်၏ အခြေအနေအကြောင်း သူ၏အကို ကိုပြုံးချိုပြောပြခဲ့ခြင်းဖြစ်ပါသည်။ ကိုသက်ဝင်းအောင်နှင့်အတူ နိုင်ငံရေးအကျဉ်းသား (၁၃၀၀) ကျော် ဖမ်းဆီးခံနေရဆဲဖြစ်ပြီး ယင်းတို့အားလုံးကို၊ အမြန်ဆုံးလွှတ်ပေးရန်အတွက် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ မှတောင်းဆိုထားပါသည်။ ထို့အပြင် ထောင်ဒဏ်အရှည်ဆုံး၊ ကျောင်းသားတဦးဖြစ်သော ကိုသက်ဝင်းအောင် လွတ်မြောက်ရေးအတွက် ရှေ့လ (၂) ရက်နေ့တွင် နိုင်ငံတကာ

လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှဦးစီးပြီး လန်ဒန်မြို့တွင် လှုံ့ဆော်ပွဲတခုပြုလုပ်ရန် စီစဉ်နေကြောင်းသိရပါသည်။

အစသို့

## ဒေါ်စု၏ နေအိမ်အမှုကိစ္စ ရုံးချိန်းထပ်မံ ရွှေ့ဆိုင်း

၂၇မေ၊ ၂၀၀၆

(၅) နှစ်နီးပါး ကြာနေပြီဖြစ်သော ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အမှုကိစ္စကို၊ ရန်ကုန်တိုင်းတရာရုံးမှ ယနေ့ ရုံးချိန်းထပ်မံ ရွှေ့ဆိုင်းလိုက်သည်ဟုသိရပါသည်။ ဦးအောင်ဆန်းဦးဘက်မှ လက်ရှိဒေါ်အောင်ဆန်းစုကြည်နေထိုင်သော တက္ကသိုလ်ရိပ်သာလမ်းနေအိမ်ကို တဝက်ပိုင်ဆိုင်လိုကြောင်း (၂၀၀၁) ခုနှစ်ကတည်းက တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း ယခုချိန်ထိ၊ အပြီးသတ်စီရင်ချက် မချနိုင်ဘဲ ယနေ့ရုံးချိန်းကို လာမည့် ဇွန်လ (၂၇) ရက်နေ့အထိ ရွှေ့ဆိုင်းလိုက်သည်ဟု သိရပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေတဦးဖြစ်သော ဦးအောင်သိန်းက ယခုလို ပြောပြပါသည်။

"ဦးအောင်ဆန်းဦးကနေ ဒေါ်အောင်ဆန်းစုကြည်ကိုစွဲတဲ့အမှု ဒီနေ့ရုံးချိန်းပေါ့နော်။ အမွေမှုလေ။ အဲဒါကတော့ ရုံးချိန်းနောက်လ ဇွန် (၂၇) ကို ပြန်ချိန်းလိုက်ပါတယ်။ ဦးကြည်ဝင်းရော၊ ဦးခင်မောင်အေးရော၊ ဦးမြင့်သောင်းရော၊ အန်ကယ်ရော သွားတယ်ပေါ့နော် ရုံးချိန်းကို ။ ဘာမှမပြောဘူး။ (၂၇) ရက် ဇွန် (၁၀) နာရီကို ပြန်ချိန်းလိုက်ပါတယ်။ ဘာမှမထူးခြားဘူး။ ဒီလိုပဲ ချိန်းနေတာပဲ။ တရားသူကြီးနဲ့ တွေ့ရပါတယ်။ တရားသူကြီးကိုယ်တိုင်ချိန်းတာပါ။ ဒီနေ့သွားတာပေါ့လေ ကိုယ်မသွားရင် ကိုယ့်တာဝန်၊ သူတို့ပျက်တာ ကိစ္စမရှိဘူး။ သူတို့က ရုံးချိန်းပေးတာ ဘယ်လောက်ပေးပေးလေ။ ဒီဘက်က ကာယကံရှင်ကလဲ ထိန်းသိမ်းထားခံရတဲ့သူဆိုတော့၊ ရှေ့နေက မပျက်မကွက် သွားရတာပေါ့။"

အဘယ်ကြောင့် ယခုကဲ့သို့ကြာနေရပါသနည်း ဆိုသည့်မေးခွန်းကို ဦးအောင်သိန်းမှ ယခုလို ရှင်းပြပါသည်။

"ဘာကြောင့်ရွှေ့နေရတာလဲဆိုတော့ ကျနော်တို့တင်ပြချက်အရ၊ ကာယကံရှင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်မရသေးဘူး။ ကိုယ်စားလှယ် ဘယ်သူ့ကိုထားမလဲ၊ သက်သေတွေကို ဘယ်လိုအချက်အလက်တွေကို အဓိကထားပြီးတော့ မေးစေချင်လဲဆိုတာ၊ ကျနော်တို့နဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ရတဲ့အချိန်ဆိုရင်တော့ ပြီးသွားမှာပါ။ ဘာကြောင့်ကြာနေတာလဲဆို အခက်ခဲကတော့ အဲဒီတခုပဲ ရှိတာပါ။ အန်ကယ်တို့ ဒီဘက်ကလည်း တင်ထားတာက၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်စားလှယ်ဦးထွန်းတင် ကွယ်လွန်သွားပြီလေ။ ဦးထွန်းတင် ကွယ်လွန်သွားတော့၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နောက်ထပ်ကိုယ်စားလှယ်၊ သူ့ကိုယ်စား ဘယ်သူ့ ကိုပေးမလဲ ဆိုတဲ့အချက်က၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဖို့လိုတယ်လေ။ အဲဒီတွေ့ဆုံနိုင်ဖို့ အခွင့်အရေးကို အန်ကယ်တို့ဖက်က မရသေးဘူးပေါ့နော်။ မရသေးတဲ့အတွက် အန်ကယ်တို့ တရားရုံးတင်ပြထားတာပါ။ တရားသူကြီးတင်ပြလည်း၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်း ကိုလည်းတွေ့ဆုံဖို့သွားတယ်။ တွေ့ဆုံဖို့ ဟိုးကတည်းက လျှောက်ထားတာ မရခဲ့ပါဘူး။"

ရှေ့နေဦးအောင်သိန်းရှင်းပြသွားခြင်းဖြစ်ပါသည်။ ဦးအောင်ဆန်းဦးဘက်မှ ကိုယ်စားလှယ်အဖြစ် ဦးလှဖေအားလွှဲထားပြီး ယင်း၏ရှေ့နေအဖြစ် ဦးဟန်တိုးက လိုက်ပါ ဆောင်ရွက်ပေးနေသည်ဟု သိရပါသည်။

အစသို့

## ကြပ်ပြေးအားခါတ်ပုံရိုက်သူနှစ်ဦး အယူခံ ပျဉ်းမနားခရိုင်တရားရုံးက ချက်ချင်းပယ်ချ

၂၇မေ၊ ၂၀၀၆

မြို့တော်သစ် ကြပ်ပြေးကို ဓါတ်ပုံရိုက်သည်ဟုဆို၍ ထောင်ချခံထားရသော စာရေးဆရာ သာချိုနှင့် မိုးထွန်းတို့၏အယူခံကို ပျဉ်းမနားခရိုင်တရားရုံးမှ ယနေ့ အကျဉ်းနည်းနှင့် ချက်ချင်းပယ်ချ လိုက်သည်ဟုသိရပါသည်။ မြို့တော်သစ် ပြောင်းရွှေ့လာပြီးနောက် ပထမဦးဆုံး ဖွင့်လှစ်သော ခရိုင်တရားရုံးမှ၊ ပထမဦးဆုံး တင်သောအယူခံကို ယခုကဲ့သို့ပယ်ချလိုက်ခြင်းဖြစ်သည်ဟုသိရပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ စာရေးဆရာ သာချို (ဟသ်ာတ) နှင့် မိုးထွန်းတို့၏ ရှေ့နေဦးခင်မောင်ဇော်က ယခုလို ပြောပြပါသည်။

"ဒီနေ့ တင်တယ်။ (၂၀၀၆) ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှု (၁) ဆိုပြီးတော့ ပထမဆုံးအမှုပဲ ပျဉ်းမနားခရိုင် တရားရုံးမှာလေ။ အဲဒီ နံပါတ် (၁၊ ၂၀၀၆) ပြစ်မှုအယူခံမှုနဲ့ကြားနာတယ်။ ကြားနာပြီးတော့ အကျဉ်းနည်းနဲ့ပလပ် လိုက်တယ်ခင်ဗျ။ ဒီနေ့တင်တာ ဒီနေ့ပဲ ပလပ်လိုက်တယ်။ အကျဉ်းနည်းနဲ့ပလပ်တယ်။ သူ့ရဲ့ကောက်ချက်၊ မှတ်ချက်ကတော့ လက်ခံရန်အကြောင်းမပေါ်ပေါက်၍ အကျဉ်းနည်းနဲ့ ပလပ်သည်ဆိုပြီး၊ ပလပ်လိုက်တယ်။ တရားသူကြီးက အမိန့်ချလိုက်တာပေါ့။"

ထိုအယူခံကို လက်ခံရန်အတွက် သူ့ဘက်မှ ဥပဒေနှင့်အညီ လျှောက်လဲခဲ့ပုံကို ဦးခင်မောင်ဇော်က အောက်ပါအတိုင်း ဆက်ပြောပြပါသည်။

"လျှောက်လဲချက်ပေးတယ်။ အမှုအကြောင်းအခြင်းအရာအကျဉ်းချုပ်ကို တင်ပြပြီးတော့ အယူခံအကြောင်း ပြချက်တွေအနေနဲ့

ကျနော် (၇) ချက်တင်ပြတယ်ဗျ။ ပထမတချက်က ဗီဒီယိုလုပ်ငန်းကို စီးပွားဖြစ်လုပ်တယ်ဆိုတာ၊ သက်သေထင်ရှားမရှိဘဲနဲ့ တရားခံနှစ်ဦးကို အပြစ်ပေးထားတယ်။ အကြောင်းအခြင်းအရာအရရော၊ ဥပဒေအရပါ မှားယွင်းနေပါတယ်ဆိုတာ ကျနော်တင်ပြတယ်။ နောက် နံပါတ် (၂) က၊ တစ်တရားခံ ဦးကျော်သွင်ဟာ ဗီဒီယိုရိုက်ကူးတယ်ဆိုတာ လုံးဝမပေါ်ပေါက်ဘဲနဲ့၊ ဓါတ်ပုံရိုက်တယ်ဆိုတာပဲပေါ်ပေါက်ပါရက်နဲ့၊ သူ့ကိုရုပ်မြင်သံကြားနဲ့ ဗီဒီယိုဥပဒေ အရ အပြစ်ပေးထားတာကလည်း၊ အကြောင်းအရာအရရော၊ ဥပဒေအရပါ မှားယွင်းနေပါတယ်လို့ ကျနော် တင်ပြ တယ်ခင်ဗျ။ နံပါတ် (၃) က သူက မူလရုံးမှာတရားခံများသည်၊ စီးပွားရေးအရ ဗီဒီယိုရိုက်ကူးခြင်းရှိမရှိကို အဓိက မထားဘဲနဲ့၊ အရေးကြီးအဆောက်အဦတွေကို ရိုက်တယ်ဆိုတဲ့အချက်ကို၊ အဓိကထားပြီးအပြစ်ပေးခဲ့တာကလည်း အကြောင်းအရာအရရော၊ ဥပဒေအရပါ မှားယွင်းနေပါတယ်လို့ ကျနော်တင်ပြတယ်ခင်ဗျ။ နောက် နံပါတ် (၄) က တရားခံတွေရဲ့ ဆောင်ရွက်မှုဟာ ရုပ်မြင်သံကြားနဲ့ ဗီဒီယိုဥပဒေပုဒ်မ (၄၂) ပါ ခြွင်းချက်၊ မိသားစုသုံးအတွက် ရိုက်တယ်ဆိုတဲ့ခြွင်းချက်နဲ့ အကျုံးဝင်နေပါရက်နဲ့၊ မူလရုံးက အဲဒီအချက်ကို လက်မခံတာဟာလည်း အကြောင်းအရာအရရော၊ ဥပအေရပါမှားယွင်းပြီး တရားခံများတွင်များစွာ နစ်နာရပါတယ်လို့၊ ကျနော် တင်ပြတယ်ခင်ဗျ။ နောက် နံပါတ် (၅) က၊ မူရုံးဟာ တရားခံတွေကို အများနဲ့မတူ တမူထူးနေတဲ့အတွက်၊ တရားစွဲဆိုခံရတယ်ဆိုပြီးတော့ ကောက်ချက်ချခဲ့တာကလည်း၊ ဥပဒေနဲ့မညီဘဲ တရားစီရင်ရေးကိုအမြင်မှားယွင်းစေတယ်ဆိုပြီးတော့တင်ပြပါတယ်။ နောက် နံပါတ် (၆) က၊ မူလရုံးက၊ တရားလိုဘက်ကသက်သေပြဖို့ တာဝန်မကျေပွန်တာကို၊ တရားခံဘက်က အကျ အပေါက်တွေနဲ့ ဖြည့်စွက်သုံးသပ်ပြီး၊ တရားခံကို အပြစ်ပေးခဲ့တာလည်း၊ ဥပအေရမှားယွင်းတယ်လို့ ကျနော် တင်ပြပါတယ်။ နံပါတ် (၇) ကတော့ အဓိကအားဖြင့်တင်ပြတာခင်ဗျ။ မူလရုံးကသူ့ရဲ့အစဉ်အလာအတိုင်း မဟုတ်ဘဲနဲ့၊ တရားခံတွေကိုဥပဒေအရ အမြင့်ဆုံးအပြစ်ဒဏ်တွေကိုပေးခဲ့တာကလည်း၊ တရားခံတွေ အတွက် များစွာနစ်နာပါတယ်ဆိုပြီးတင်ပြပါတယ်။ အဲလိုတင်ပြပြီးတော့ ဒီအယူခံကိုလက်ခံဖို့၊ နောက် အောက်ရုံးကအမှုကို ဖော်ပြီးတော့၊ နှစ်ဖက်လျှောက်လဲချက်ကြားနာဖို့ ရုံးကိုတောင်းဆိုခဲ့ပါတယ်။ ဒီအမှုကို အဲလို နှစ်ဖက်လျှောက်လဲချက် ကြားနာတဲ့အထိ၊ ကျနော်တို့ လက်ခံပြီးတော့၊ သုံးသပ်ရန်မလိုအပ်တဲ့အတွက်ကြောင့် ဆိုပြီးတော့၊ အကျဉ်းနည်းနဲ့ ပလပ်တယ်ဆိုပြီးတော့ ပယ်ချလိုက်ပါတယ် ခင်ဗျ။”

ရှေ့လာမည့် (၂) ပတ်လောက်တွင် မန္တလေးတိုင်းတရားရုံးသို့ အယူခံဆက်တက်မည်ဟုလည်း ဦးခင်မောင်ဇော်က ပြောပြပါသည်။ အသက် (၅၂) နှစ်အရွယ်ရှိ စာရေးဆရာသာချို (ဟသ်ာတ)သည် သတင်း ဂျာနယ်ခေတ်ကတည်းက စာရေးသူဖြစ်ပြီး၊ အသက် (၄၀) နှစ်ရှိ ဆရာမိုးထွန်းမှာ ဘာသာရေးမဂ္ဂဇင်းများတွင် ဘာသာပြန်ဆောင်းပါးများ ရေးသားသူဖြစ်သည်ဟုလည်း သိရပါသည်။

အစသို့

## ရှမ်းခေါင်းဆောင် (၈) ဦးအမှုအတွက် တိုင်းတရားရုံးထံ အယူခံတင်သွင်း

*၂၈၊ဧပြီ၊၂၀၀၆*

ထောင်နှစ်ရှည်ကျခံနေရသည့် ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဌ ဦးခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်းဆောင် (၈) ဦး၏အမှုအတွက် ယမန်နေ့က တိုင်းတရားရုံးထံ၊ အယူခံတင်သွင်းခဲ့သည်ဟုသိရပါသည်။ ယင်းတို့ (၈) ဦးအပေါ်စွဲထားသည့် အမှုများမှာ များလွန်းသည့်အတွက်၊ အယူခံကိုအသုတ်လိုက်ခွဲတင်သွင်းနေရခြင်းဖြစ်ပြီး၊ ယမန်နေ့တွင် နောက်ဆုံးကျန်နေသေးသည့် ပုံနှိပ်ဥပဒေပုဒ်မ အတွက် အယူခံတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ အကျိုးဆောင် ရှေ့နေ ဦးအောင်သိန်းက ပြောပါသည်။ ရှမ်းခေါင်းဆောင်များ၏ အမှုအတွက် အယူခံ ကိစ္စနှင့်ပတ်သက်ပြီး ဦးအောင်သိန်းက ယခုလို ရှင်းပြပါသည်။

“အယူခံမှုအားလုံးက (၂၆) မှု။ ဦးခွန်ထွန်းဦး (၁၀) မှုစွဲခံရတယ်၊ ဦးစိုင်းညွန့်လွင်က (၅) မှု၊ စိုင်းလှအောင်က (၅) မှု၊ ဗိုလ်ချုပ်ဆေထင်က (၈) မှုပေါ့နော်။ နောက်တခါ ဦးမြင့်သန်း၊ ဦးထွန်းညို၊ ညီညီမိုးတို့ စိုင်းမျိုးဝင်းထွန်းတို့က (၆) မှုပေါ့။ သူတို့အမှုတွေ အားလုံးကို၊ စွဲတင်တဲ့အမှုတွေတွက်ကြည့်လိုက်ရင် (၃၄) မှုလောက်ရှိမယ်။ အဲဒီ (၃၄) မှုကို၊ တူတဲ့ဟာတွဲပြီးတော့ မတူတဲ့ဟာခွဲ၊ အကြောင်းထူးရှိတဲ့ဟာသီးခြားထားပြီးတော့အမှုထပ်ခွဲလိုက်တဲ့အခါ (၂၆) မှုပေါ့နော်။ အခုဟာ ရှမ်းတိုင်းရင်းသားတွေအဖွဲ့နဲ့ ပတ်သက်တဲ့ အမှုအားလုံးက၊ တရားရုံးချုပ်ကို အယူခံဝင်တာ (၂၆) မှု ဖြစ်ပါတယ်။”

CRPP အဖွဲ့ဝင်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်ထွန်းဦးအပါအဝင်ရှမ်းခေါင်းဆောင် (၈) ဦးအား ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီတွင် အာဏာပိုင်များက ဖမ်းဆီးပြီးနှစ်ကုန်ပိုင်း၌ ထောင်နှစ်ရှည် အသီးသီး ချမှတ်ခဲ့ခြင်းဖြစ်သည်။

အစသို့

## ဦးမျိုးအောင်သန်းအလုပ်သမား အခွင့်အရေးဆုရရှိ

*ဧပြီ၊၂၉၊၂၀၀၆*

မြစ်ကြီးနားထောင်တွင် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသူ၊ မြန်မာအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင် ဦးမျိုးအောင်သန့်အား အီတလီ အလုပ်သမားသမဂ္ဂအဖွဲ့က၊ အလုပ်သမားအခွင့်အရေး စွမ်းစွမ်းတမံဆောင်ရွက်မှုဆု ချီးမြှင့်လိုက်ကြောင်းသိရပါသည်။ အဆိုပါဆုအတွက် ယူရိုငွေတသောင်းရရှိမည်ဖြစ်ပြီး ဦးမျိုးအောင်သန့်၏ကိုယ်စား၊ အလုပ်သမားအဖွဲ့ ဥက္ကဋ္ဌ ဦးလှဦးက လက်ခံရယူမည်ဟု သိရပါသည်။ ဦးမျိုးအောင်သန့်အား ၁၉၉၇ အစောပိုင်းက၊ ရန်ကုန် မင်္ဂလာဒုံလေဆိပ်၌ ဖမ်းဆီးခဲ့ပြီး၊ ဖောက်ခွဲရေးပစ္စည်းများ သယ်ဆောင်လာသည်ဆိုသည့် စွပ်စွဲချက်နှင့်ထောင်ဒါဏ်တသက်တကျွန်း ချမှတ်ခဲ့ခြင်းဖြစ်ပါသည်၊ သို့သော် အဆိုပါစွပ်စွဲချက်များအား နိုင်ငံတကာအဖွဲ့စည်းများမှ လက်မခံဘဲ၊ ဦးမျိုးအောင်သန့်သည် အလုပ်သမား အခွင့်ရေးလှုပ်ရှားမှုအတွက် ထောင်ကျခံရခြင်းဖြစ်သည်ဟု အသိမှတ်ပြုထားကြောင်း သိရပါသည်။

**အစသို့**

## မောင်သာချိုကို ပြန်လွှတ်ပေးရန် တောင်းဆို

*၂၉၊ဧပြီ၊၂၀၀၆*

မြို့တော်သစ် ကြပ်ပြေးနေပြည်တော်အား ဓါတ်ပုံရိုက်မိသဖြင့် ထောင်ဒဏ် (၃) နှစ် အပြစ်ပေးခြင်းဆိုသည်မှာ မည်သို့မှတရားမျှတမှု မရှိသည့်အတွက်၊ အမြန်ဆုံးပြန်လွှတ်ပေးသင့်ကြောင်း ဖမ်းဆီးခံ ဓါတ်ပုံဆရာ၏ဇနီးသည်က၊ စစ်အစိုးရကို ယနေ့ တိုက်တွန်းလိုက်ပါသည်။ ဖမ်းဆီးခံ ဓါတ်ပုံဆရာ (၂) ဦးထဲမှ တဦးဖြစ်သူ၊ ဆရာသာချို၏ဇနီးသည် ဒေါ်အေးမြင့်ထံ ဒီဗွီဘီကမေးမြန်းစဉ် ယခုလို တိုက်တွန်းသွားခြင်း ဖြစ်ပါသည်။

"သူတို့မိတဲ့ဥစ္စာနဲ့အခုဖြစ်သွားတာနဲ့ကတော့လေ၊ ကျမတို့အမြင်ကတော့ အဲဒီလောက်ကြီး မဖြစ်လောက်ဘူးလို့ ထင်တာပေါ့နော်။ မသိလို့လုပ်မိတဲ့ဟာအတွက် ခံရဖို့မရှိဘူးလို့၊ အဲဒီလို မျှော်လင့်ထား တာလေ။ ကျမတို့မှာတော့ စိတ်မကောင်းဖြစ်ရတာပေါ့။ သူ့ကံ ကျမတို့ကံပေါ့။ ကျမအမျိုးသား အပြစ်ပေါ့လျော့သွားပါစေ၊ မြန်မြန်လွှတ်ပါစေပေါ့နော်။ ဘယ်လိုနည်းနဲ့ပဲ လွှတ်လွှတ်၊ လွှတ်စေချင်တာပေါ့။ အယူခံတော့ ဝင်ထားပါတယ်။ ကလေးတွေကလည်း အဖေကြီးအတွက်၊ သူတို့တတ်နိုင်သမျှကို လုပ်လို့ရတဲ့ အတိုင်းအတာထိတော့၊ ဘယ်လိုနည်းနဲ့ပဲ လုပ်ရလုပ်ရ တက်ရမှာပဲတဲ့။ ရတာမရတာတော့ ခုနကပြောသလိုပါပဲ။ ကိုသာချို့ရဲ့ သူ့ကံ ကျမတို့ကံပေါ့။"

ရမည်းသင်းထောင်၌ ထောင်ဒဏ် (၃) နှစ်ကျခံနေရသူ၊ ဓါတ်ပုံဆရာ ဆရာသာချို (ခေါ်) ဦးသောင်းစိန် အသက် (၅၂) နှစ်ကို လွှတ်ပေးရန် ဇနီးသည်ဒေါ်အေးမြင့်၏ တိုက်တွန်းချက် ဖြစ်ပါသည်။ ဆရာသာချိုနှင့် ဆရာမိုးထွန်း (ခေါ်) ဦးကျော်သွင်တို့အား၊ ပြီးခဲ့သည့် ဒီဇင်ဘာလ (၂၃) ရက်နေ့၌ စတင်ဖမ်းဆီးခဲ့ပြီး မတ်လ (၂၄) ရက်နေ့တွင်၊ ခွင့်ပြုချက်မရဘဲ ဓါတ်ပုံရိုက်မှုဖြင့် ထောင် (၃) နှစ်စီ အပြစ်ပေးလိုက်ခြင်းဖြစ်သည်။

အခုလောလောဆယ် သူတို့ (၂) ဦးကို ရမည်းသင်းအကျဉ်းထောင်တွင် ဖမ်းဆီးထားပြီး ထောင်ဝင်စာကို နှစ်ပတ်တကြိမ် တွေ့ခွင့် ့ပေးထားကြောင်း၊ မနေ့ကမှ ထောင်ဝင်စာတွေ့ခဲ့သူ ဆရာသာချို၏သားတဦးက ပြောပြပါသည်။ ဓါတ်ပုံရိုက်လုပ်ငန်းနှင့် သက်မွေးဝမ်းကြောင်းပြုနေသည့် ဆရာသာချိုမှာ၊ မိသားစု (၁၀) ဦးရှိပြီး၊ ယခုသူမရှိသည့်အတွက် မိသားစုစားဝတ်နေရေး အတော်ဒုက္ခများနေကြောင်း ဆရာ၏ ဇနီးသည်ဒေါ်အေးမြင့်က ယခုလို ဆက်ပြောခဲ့ပါသည်။

"ကျမတို့က မိသားစု (၁၀) ယောက်ပါ။ ကလေးက (၇) ယောက်ပေါ့နော်။ ကိုယ့်ကလေး (၅) ယောက်နဲ့ မိဘမရှိတဲ့ကလေးတွေ တူမလေးတွေ (၂) ယောက်ရှိတယ်။ (၇) ယောက်။ မေမေတို့ ကျမတို့ဆို အားလုံး (၁၀) ယောက်ပါ။ သူကတော့ဓါတ်ပုံရိုက်။ စာရေးတာတော့ ဝါသနာပေါ့နော်။ တအားကြီးတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ဓါတ်ပုံရိုက်တဲ့အလုပ်ကတော့ နွေပိုင်းဆိုရင် ရာသီပေါ့နော်။ ဒီဇင်ဘာကနေ မေအထိပေါ့နော်၊ သင်္ကြန်တွင်းလောက်ထိက ကျမတို့ဆီ ဒီရာသီမှာ သူမရှိဘူးဆိုတော့၊ ဝင်ငွေကတော့ အများကြီး လျော့သွားတာပေါ့လေ။ အဓိက အိမ်ထောင်ဦးစီးရဲ့ ဝင်ငွေက အောက်ဒိုး၊ အလှူမင်္ဂလာ၊ အခမ်းအနား၊ ကျောင်းတို့မှာ အဲဒါမျိုးတွေမှာ သူက ဟိုးစောစောကတည်းက အောက်ဒိုးသမားပဲလေ။ အောက်ဒိုးရိုက်ပြီးတော့မှ ခေါ်တဲ့လူရှိရင် လိုက်ရိုက်တယ်လေ။ အဲဒီလို လိုက်ရိုက်နေတာပေါ့နော်။"

ဆရာသာချိုမိသားစုစားဝတ်နေရေး အခြေအနေဖြစ်ပါသည်။ ဒေါ်အေးမြင့်ကိုယ်တိုင် ကျန်းမာရေး သိပ်မကောင်းသည့်အတွက်၊ ရမည်းသင်း ထောင်သို့ တခါမှမသွားနိုင်သေးကြောင်းသိရပါသည်။ သို့သော် ထောင်မကျခင် ပျဉ်းမနားရဲစခန်း၌ ဖမ်းထားစဉ်က (၃–၄) ကြိမ် တွေ့ခွင့်ရခဲ့သည်ဟု ဒေါ်အေးမြင့်က ပြောပါသည်။ ဆရာသာချိုနှင့်တွေ့စဉ်က၊ သူတို့ ဖမ်းဆီးခံရပုံနှင့် ပတ်သက်၍ဘယ်လိုများ ရှင်းပြခဲ့ပါသလဲဟု ထပ်မေးကြည့်သည့်အခါ ဒေါ်အေးမြင့်က ယခုလို ဖြေကြားခဲ့ပါသည်။

"ဖမ်းခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ သူက သူ့မိတ်ဆွေနဲ့ အဲဒီကိုသွားတယ်။ သွားပြီးတော့ သူတို့ လုပ်ခင်းပုံတွေကို သွားကြည့်တယ်။ ဟိုက ဖွံ့ဖြိုးစဖြစ်နေတယ်။ ရှေ့ကို စီးပွားရေး လုပ်ခင်းကိုင်ခင်းတွေကို သွားကြည့်တယ်။ အဲဒီမှာ တော်ဝင်ကား ပြေးဆွဲနေတာကို

တွေ့တော့ သူတို့ကလည်း၊ စာရေးဆရာတွေဆိုတော့ ပြောရရင်တော့ လေ့လေ့လာလာစပ်စပ်စုစု ရှိတာဆိုတော့၊ ကားကြီးပြေးဆွဲနေတာကိုကြည့်ပြီး ကားပေါ် တက်လိုက်ပြီးတော့၊ ဆောက်လက်စနေရာတွေ၊ ဖွံ့ဖြိုးစနေရာတွေကို သူတို့လိုက်ပြီးတော့ တောက်လျှောက်ကြည့်တာပေ့ါ။ ကြည့်ရင်းနဲ့ပဲ သူတို့က သွားလေရာမှာ သတင်းစာဆရာဆိုတော့ ကင်မရာပါတယ်၊ ကက်ဆက် တို့ဘာတို့ အဲဒါမျိုးတွေယူသွားတယ်။ အဲဒီမှာ ထူးထူးဆန်းဆန်းတွေ့ရင် ဓါတ်ပုံရိုက်လိုက်မယ်။ အရင်တုန်းကလည်း သူက ပြိုင်ပွဲတွေဘာတွေဝင်ဖူးပါတယ်။ နောက်တခါ သူက သတင်းစီးပွားရေးတွေမှာလည်း ဝါသနာကြီးတယ်၊ စာရေးတဲ့သူဆိုတော့ အဲဒီလို အထူးအဆန်းပေ့ါ၊ ကိုယ်မမြင်ဘူးတဲ့နေရာကို ရောက်တော့ သူရိုက်လိုက်တယ်တဲ့။ ရိုက်လိုက်တာကို သက်ဆိုင်တဲ့အာဏာပိုင်တွေတွေတော့၊ မေးစမ်းပြီးတော့ ပို့လိုက်တယ်လို့ပြောပါတယ်။”

ယင်းကဲ့သို့မတရား ထောင်ချခံရခြင်းကို ပြန်လည်စဉ်းစားပေးပါရန်၊ ပျဉ်းမနားမြို့မှ နာမည်ကြီးရှေ့နေတဦးဖြစ်သူ ဦးခင်မောင်ဇော်က ရမည်းသင်းခရိုင် တရားရုံးသို့ အယူခံဝင်ခဲ့သော်လည်း၊ ကြာသပတေးနေ့တွင် ပယ်ချခဲ့ပါသည်။ ထို့ကြောင့် မကြာခင်မှာ မန္တလေးတိုင်းတရားသို့ အယူခံထပ်ဝင်မည်ဟုသိရပါသည်။ ဆရာသာချို၏ မိသားစုနှင့် ရှေ့နေများက ယခုလို ကြိုးပမ်းနေသကဲ့သို့၊ ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းသမားများကာကွယ်ရေးအဖွဲ့ကလည်း၊ ထိုဓါတ်ပုံဆရာ (၂) ဦးအား အမြန်ဆုံးလွှတ်ပေးရန် စစ်အစိုးရ ခေါင်းဆောင်များထံ စာရေးတောင်းဆိုထားကြောင်း သိရပါသည်။

အစသို့

## မစုစုနွေး နှလုံးနှင့် အစာအိမ်ရောဂါ ခံစားနေရ

*၃၀၊ဧပြီ၊၂၀၀၆*

အဓမ္မအလုပ်ခိုင်းစေမှုအား ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ခဲ့၍ ထောင်ချခံလိုက်ရသော ထန်းမနိုင်သူ မစုစုနွေး ၊ အင်းစိန်ထောင်ထဲ၌ နှလုံးရောဂါနှင့် အစာအိမ်ရောဂါများ ခံစားနေရသည်ဟု သိရပါသည်။ အင်းစိန်ထောင်တွင် (၅) လကျော်နေပြီဖြစ်သည့် မစုစုနွေး၏ ကျန်းမာရေးအခြေအနေမှာ အားရကျေနပ်ဖွယ်မရှိကြောင်း၊ ယခင်ကထက် ပိုမိုဆိုးလာသည့်အကြောင်း၊ မနေ့ကမှ ထောင်ဝင်စာတွေ့ပြီး ပြန်လာသည့် အကိုဖြစ်သူမှ ယခုလို ပြောပြပါသည်။

“မစုစုနွေး ကျန်းမာရေးကမကောင်းဘူး။ အခုလည်းလက်တွေခြေထောက်တွေက ယောင်နေတယ်။ အစာအိမ်ရောဂါလည်း ဖြစ်နေတယ်။ အရင်ကထက် ပိုဆိုးလာတာပေ့ါ။ ပိန်တဲ့အနေအထားမှာ ရှိတယ်။ အားလုံးအဆင်ပြေတယ်လို့ ပြောပါတယ်။ သူ့ရဲ့လိုအပ်တဲ့ ဆေးဝါးတွေ၊ စားသောက်စရာတွေ အားလုံးစုံအောင်တော့ ပေးခဲ့ပါတယ်။”

ထောင်ဝင်စာတွေ့စဉ်က ဆေးဝါး၊ အသီးအနှံ၊ အစားအသောက်ပေးသွင်းခွင့်ရသလို၊ ထောင်ထဲမှာ ကောင်းမွန်စွာနေရသည်ဟု သိရပါသည်။ သို့သော်လည်း မစုစုနွေး၏ရုပ်ပိုင်းဆိုင်ရာ ပိန်ကျသွားခြင်းကြောင့် စိတ်မကောင်းဖြစ်ရပြီး၊ အမြန်ပြန်လွှတ်စေချင်ကြောင်း၊ အကိုဖြစ်သူက ယခုလို ဆက်လက်ပြောပြပါသည်။

“ကျန်းမာရေးအရ ရုပ်ပိုင်းဆိုင်ရာတော့ နည်းနည်းပိန်တာပေ့ါနော်။ ကျနော့် စိတ်ထဲမှာတော့ ကိုယ့်ညီမ တယောက်အနေနဲ့ စိတ်မကောင်းဘူးပေ့ါ။ သူ့အတွက် ဝမ်းနည်းရတယ်ပေ့ါ။ အမြန်ဆုံး လွှတ်စေချင်တာပေ့ါ။ သူက ကျန်းမာရေးချို့တဲ့တာကိုး။”

ကော့မှူးမြို့နယ် ထန်းမနိုင်ရွာသူ မစုစုနွေးသည် ကျေးရွာအာဏာပိုင်များ၏ အဓမ္မလုပ်အားပေး ခိုင်းစေမှုကို၊ ရဲရဲဝံ့ဝံ့ တရားစွဲဆိုခဲ့ပြီး၊ ပထမဦးဆုံး အနိုင်ရရှိခဲ့သူဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာအာဏာပိုင်များက အငြိုးထားပြီး ပြန်လည်အမှုဆင်ထောင်ချ ဖမ်းဆီးခဲ့ခြင်း ဖြစ်ပါသည်။ မစုစုနွေး၏အမှုကို လဆန်းပိုင်းက အထူးအယူခံတင်သွင်း ထားခဲ့ပြီး ရှေ့အပတ်တွင် တရားရုံးဆုံးဖြတ်ချက်ကို သိရမည်ဟု ရှေ့နေ ဦးမြင့်သောင်း၏ပြောပြချက်အရ သိရပါသည်။

အစသို့

**END**

########################################################################
@@@@@@@@@@@@@@@@@@@@@@@@@@@@@@@@@@@@@@@@